မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုအား ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံမှူးကြီး Mr. Wang Zongying နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ယဲ့တာပိုအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ ခုတင်(၂၀၀)ဆံ့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံ

- သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း
- ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
- စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာ၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် မရှိမဖြစ် လိုအပ်သည့်အတွက် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ၊ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် နှစ်တိုနှစ်ရှည်စီမံချက်များရေးဆွဲပြီး တစိုက်မတ်မတ် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁ ✻*

21-2 (01).pmd 1 2/21/2009, 2:19 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်)

ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကြိုးပမ်းဖော်ဆောင် သဘာဝဖြစ်တည်နေသည့် သဘာဝအလှများ ဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံသည် ရေမြေသဘာဝအလှနှင့် ပြည့်စုံသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဂုဏ်ယူဖွယ်ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များပိုင်ဆိုင်သော နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံ၏ ပင်ကိုသဘာဝအလှသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်စွမ်းရှိသည်။ စိတ်ဝင်စားဖွယ်ကောင်းသော ရှေးဟောင်းအနုပညာလက်ရာ၊ ဗိသုကာလက်ရာများရှိသောပုဂံမြေနှင့် သဘာဝက ဖြစ်တည်နေသော အင်းလေးကန်၊ ငပလီကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ စက်စဲကမ်းခြေ၊ ချောင်းသာကမ်းခြေတို့ ဖြစ်တည်နေသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးကန်ရေပြင်၌ ခြေထောက်နှင့်လှော်ခတ်မှုသည် အင်းလေးဒေသ၏ ထူးခြားမှုတစ်ခုဖြစ်သည်။

ထင်ရှားသောသဘာဝ အထင်ကရ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိရာ ရခိုင်ပြည်နယ် မြောက်ဦးမြို့သည် ထူးခြားစိတ်ဝင်စားဖွယ်ကောင်းလှသည်။

ပုဂံယဉ်ကျေးမှုနယ်မြေ၏ နေဝင်ချိန်ဆည်းဆာအလှသည် နိုင်ငံတကာခရီးသွားလောကတွင် ထူးခြားလှသဖြင့် ကမ္ဘာလှည့်ခရီးသွားများ နှစ်ခြိုက်ကြသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ တိုင်းရင်းသားလုပ်ငန်းရှင်များကပါ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်လာကြပြီး မြန်မာနိုင်ငံ၏ သဘာဝအလှနှင့်ဆွဲဆောင် စည်းရုံးဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ တိုးမြှင့်ရောက်ရှိရေးအတွက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ခရီးသွားကုမ္ပဏီများသည် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်အတွက် ဝင်ငွေများ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအလှရှုခင်းများကို မပျက်စီးရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည် တိုင်းရင်းသားပြည်သူများ၏ တာဝန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး မက်မန်းမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက မက်မန်းမြို့နယ် အေးကျွန့်ကျေးရွာ မူလတန်းကျောင်းသို့ရောက်ရှိပြီး စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသုံးဗလာစာအုပ်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များနှင့် အိမ်သုံးဆေးဝါးများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် မက်မန်းမြို့နယ် တွဲဖက်အထက်တန်းကျောင်း၌ ကျင်းပသည့် ရောင်စုံရုပ်မြင်သံကြားစက် ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး စာသင်ဆောင်များနှင့် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုခန်းတို့ကို စစ်ဆေးကာ မြို့နယ်ပြည်သူ့ဆေးရုံသို့လည်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် သံလွင်မြစ်ကမ်း ဝိန်းနောင်ကူးတို့ဆိပ်ကမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းရန်အောင်ကျေးရွာ၌ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းတွင် မိုင်းပျဉ်းမြို့နယ် တာကော်လေးကျေးရွာ ကျေးလက်ဆေးပေးခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မျက်စိ၊ သွား၊ အရိုးနှင့် ငှက်ဖျားအထူးကုဆရာဝန်ကြီးများအဖွဲ့က ဒေသခံတိုင်းရင်းသားများအား ကွင်းဆင်း ဆေးဝါးကုသမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ အိမ်သုံးဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် မိုင်းပျဉ်းမြို့နယ် ဟောင်ကန်ကျေးရွာအုပ်စု ဝမ်နောင်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံတောင်သူ ဦးအိမ်တ၏ ပဲပုပ်စိုက်ခင်းနှင့် မိုင်းပျဉ်း-မိုင်းဆတ်လမ်းပေါ်ရှိ စွန်တောင်းကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၁-၂-၂၀၀၉ (စနေနေ့)

		နံနက်ပိုင်း
၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
		နေ့လယ်ပိုင်း
၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး**(အပိုင်း-၂၅)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သားဆော** (ရဲအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မယ်လိုဒီ) ဒါရိုက်တာ-ဝင်းထွန်းထွန်း
၁၃:၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၂၃)
		ညပိုင်း
၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၂၅	၅။	မျိုးချစ်တပ်မတော်
၄:၄၀	၆။	၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (မြန်မာစာ)
၅:၀၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆:၄၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၈)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	အင်္ဂလိပ်စာသုတ (English Usage)
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၂၇)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု မော်လမြိုင် လှိုင်ရုပ်ကွက် မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့နယ် လှိုင်ရုပ်ကွက် မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါလမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်းက ကတ္တရာထပ်ပိုးလွှာလမ်းသစ်ခင်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးလှမင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် ရပ်မိရပ်ဖ ဦးလှသန်းတို့က လှိုင်ရုပ်ကွက် မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ မော်လမြိုင်မြို့နယ် လှိုင်ရုပ်ကွက် မြို့ပတ်လမ်း အရှည်ပေ ၁၇၀၀၊ အကျယ်၁၅ပေရှိ ကတ္တရာထပ်ပိုးလွှာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။ (အပေါ်ပုံ)

ဆောင်ရွက်ပြီးစီးမှု

ထို့နောက် တိုင်းမှူးသည် မော်လမြိုင်မြို့နယ် အောက်ကျင်းရပ်ကွက် အနောက်ရှမ်းကုန်းလမ်း အရှည်၇၁၅ပေ၊ အကျယ်၁၅ပေ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် လမ်းသစ်လမ်း၊ ဇက်ဆိပ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေကူမြို့နယ် စည်ပင်ကျေးလက် ရေပေးရေးလုပ်ငန်းဆောင်ရွက်

ရွှေကူ ဖေဖော်ဝါရီ ၂၀

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ရေပေးရေး (၁၀)နှစ်စီမံချက်နှင့်အညီ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဘိုကုန်းကျေးရွာအုပ်စု ပေါလောကျေးရွာ နှစ်လက်မစက်ရေတွင်း တူးဖော်မှုလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၁၃ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ထူးချွန်ဆုများပေးအပ်

ဖေဖော်ဝါရီ ၇ရက်က ဒဂုံမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၌ တိုင်းအဆင့် စတုတ္ထတန်း ဘာက်စုံထူးချွန် ပထမ၊ ခရိုင်အဆင့် စတုတ္ထတန်း ဘာက်စုံထူးချွန် ပထမ၊ မြို့နယ်အဆင့် စာပေထူးချွန် ဒုတိယ၊ မြို့နယ်အဆင့် ဘာသာရပ်ထူးချွန် သုံးဆုရ စတုတ္ထတန်းကျောင်းသား မောင်ထိန်လင်းဦးအား မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးမင်းစိန်က ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်စဉ်။ (ပညာရေး)

ဖေဖော်ဝါရီ၂၀ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ယင်းကျောင်း၌ မတ် ၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လူဒါန်း

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများသည် ဖေဖော်ဝါရီ ၂၂ရက် နောက်ဆုံးထား၍ အသင်း ဥက္ကဋ္ဌ ဦးခင်ချို ဖုန်း-၆၆၃၉၁၁၊ ဒုတိယဥက္ကဋ္ဌ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊ အတွင်းရေးမှူး-ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈၊ အမှုဆောင် ဦးမြသိန်း ဖုန်း-၅၃၅၆၇၂၊ ဦးဌေးဝင်း ဖုန်း-၀၉-၅၀-၁၁၉၆၀ တို့သို့ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ ၂၀ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချူကုန်းဖုန်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ကျောဖုံး) (သတင်းစဉ်)

စာပေဗိမာန်စာအုပ်အရောင်းဆိုင် ရောင်းချနေမှုနှင့် စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၉)ပို့ချနေမှု ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်အရောင်းဆိုင်သို့ရောက်ရှိပြီး အရောင်းဆိုင်သစ် ပြုပြင်မွမ်းမံ၍ ခင်းကျင်းရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှု

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများနှင့်အတူ အဆိုပါအဆောက်အအုံ၌ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)က ကြီးမှူးဖွင့်လှစ်သော စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၉)သို့ ရောက်ရှိပြီး သင်တန်းပို့ချနေမှုကို ကြည့်ရှု၍ သင်တန်းကြီးကြပ်သူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)က ကြီးမှူးဖွင့်လှစ်သော စာနယ်ဇင်းပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၉)တွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တောမီးလောင်ကျွမ်းခဲ့ခြင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ယနေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ အမှတ်(၈၈) ကမ်းနားလမ်းရှိ ဩစတြေးလျနိုင်ငံသံရုံးသို့ သွားရောက်၍ ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ မကြာမီက တောမီးလောင်ကျွမ်းခဲ့ခြင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ဖွင့်လှစ်ထားရှိသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(ယာပုံ)**
(သတင်းစဉ်)

လားရှိုးမြို့ နမ့်ခိုက်ရွာ ရေဝေရေလဲ စိုက်ခင်းများ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ ကြည့်ရှုလေ့လာ

လားရှိုး ဖေဖော်ဝါရီ ၂၀

လားရှိုးခရိုင်ဥက္ကဋ္ဌ ဦးတိုးဝင်းနှင့် ပြည်နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင် နှစ်ရှည်ပင် ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးတို့သည် ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၁နာရီက လားရှိုးမြို့ နမ့်ခိုက်ရွာရှိ ရေဝေရေလဲ မက္ကဒေးမီးယား စိုက်ခင်းဆောင်ရွက်ထားရှိမှုနှင့် ကျေးရွာအတွင်း တစ်ပိုင်တစ်နိုင် ပန်းမျိုးစုံ စိုက်ပျိုးနေမှုကို ကြည့်ရှုလေ့လာကြသည်။

ပံ့ပိုးကူညီ

မယ်ဟန်ကျေးရွာအုပ်စု နမ့်ခိုက်ကျေးရွာသည် အိမ်ခြေ ၁၀၀ခန့်ရှိပြီး နမ့်ခိုက်ရေထွက်၊ ကုလားကျောင်းရေထွက်၊ လင်းနို့ဂူရေထွက်များမှ ရေဖြင့် ပန်းမျိုးစုံ၊ ဟင်းသီးဟင်းရွက်တို့ကို တစ်နှစ်ပတ်လုံး စိုက်ပျိုး လုပ်ကိုင်လျက်ရှိရာ ဒေသခံများအတွက် စိုက်ပျိုးရေ ဖူလုံစေရေး၊ ပိုလျှံရေများကို လားရှိုးမြို့ ရေပေးဝေရေးအတွက် ဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူများက ရေဝေရေလဲ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တန်ဖိုးမြင့်ပန်းများ စိုက်ပျိုးနိုင်ရေးတို့ကို ပံ့ပိုးကူညီပေးလျက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ခရိုင်ဥက္ကဋ္ဌသည် နှစ်ရှည်ပင် ရုံးဝင်းအတွင်း ပျိုးထောင်ထားသော ရော်ဘာပင်နှင့် မက္ကဒေးမီးယားပင်များကို ကြည့်ရှုစစ်ဆေးရာ လားရှိုးခရိုင် နှစ်ရှည်ပင် မန်နေဂျာ ဦးမင်းအောင်ဝင်းက နည်းပညာပေးပျိုးထောင်ထားမှု၊ လားရှိုးခရိုင်အတွင်း ရော်ဘာ ၇၉၁၂ဧက၊ သီဟိုဠ် ၂၂ ဧက၊ မက္ကဒေးမီးယား ၁၁၅၁ဧက စိုက်ပျိုးထားရှိမှုနှင့် ၂၀၀၉-၂၀၁၀ပြည့်နှစ်အတွက် ရော်ဘာဧက ၃၅၀၀ တိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်နေမှုနှင့် ရေဝေရေလဲတောများ ထိန်းသိမ်းမှုတွင် နှစ်ရှည်ပင်ဌာနအနေဖြင့် ပါဝင်စိုက်ပျိုးပေးမှုတို့ကို မြေပုံဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(လားရှိုး/ကိုယ်ပွား)**

မီးဘေး ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

တမူး ဖေဖော်ဝါရီ ၂၀

တမူးမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းလျက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ရက်သတ္တပတ် လှုပ်ရှားမှု လက်တွေ့ဆောင်ရွက်နေမှုများကို ဖေဖော်ဝါရီ ၉ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်းစံဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းတို့အဖွဲ့ ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့အဖွဲ့သည် တမူးမြို့ မီးသတ်စခန်းရုံးသို့ နံနက် ၁၀နာရီခွဲတွင် ရောက်ရှိပြီး သင့်လေးသင့်ဖြစ်သော လူ၊ ယာဉ်၊ ဆီ၊ ရေ အသင့်ဖြစ်ရေးစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင့်ဇော်တို့အဖွဲ့သည် မွန်းတည့် ၁၂နာရီတွင် တမူးမြို့ မြို့မ ရပ်ကွက် နန်းဖာလုံဈေးသို့ သွားရောက်ပြီး ဈေးအတွင်း မီးဘေးလုံခြုံရေး စီမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ရာ သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့နှင့် နန်းဖာလုံဈေးကော်မတီတို့က ဈေးအတွင်း ရေဖြန့်ဝေမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ဇာတ်တိုက်လေ့ကျင့်မှုတို့ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။
(ခရိုင် ပြန်/ဆက်)

အထူးမြူ အေဂျင်စီ၏ အစီရင်ခံစာတွင် အီရန်က နျူကလီးယား ထုတ်လုပ်မှု လျှော့ချခဲ့ကြောင်းဖော်ပြ

ဗီယင်နာ ဖေဖော်ဝါရီ ၂၀

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြရာတွင် အီရန်နိုင်ငံသည် ၄င်း၏နျူကလီးယားအစီအစဉ်ကို လျှော့ချခဲ့သည်ဟု နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)ညွှန်ကြားရေးမှူးချုပ် မိုဟာမက်အယ်လ်ဘာရာဒီက ပြောကြားခဲ့ကြောင်း ဖေဖော်ဝါရီ ၁၉ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ထုတ်လုပ်မှုလျှော့ချ

ယင်းသို့ အစီရင်ခံစာတင်ပြရာတွင် ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွင်းက အသစ်ဖွင့်လှစ်ခဲ့သော ယူရေနီယံထုတ်လုပ်သည့် စက်ဒလက် ၁၆၄ခုကို ပြီးခဲ့သည့်နှစ်ကထက် ထုတ်လုပ်မှုလျှော့ချခဲ့ကြောင်း မီဒီယာများက ဖော်ပြခဲ့ကြသည်။

သို့သော် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ အကောင်အထည်ဖော်ခဲ့သည့်တိုင်အောင် အီရန်နိုင်ငံသည် ကုလသမဂ္ဂ၏ဆန္ဒဖြစ်သည့် နျူကလီးယား အစီအစဉ်ရပ်ဆိုင်းရေးကို ငြင်းဆန်နေဆဲဖြစ်သည်ဟု ယင်းအစီရင်ခံစာက ထောက်ပြနေကြောင်း ဖော်ပြခဲ့သည်။

တိုးမြှင့်ထုတ်လုပ်

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်သည် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် မေးခွန်းထုတ်စရာ ဖြစ်နေသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်အား ၄င်း၏နျူကလီးယားလုပ်ငန်းစဉ်ကို ရပ်ဆိုင်းရန် တောင်းဆိုနေချိန်တွင် အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များကို လျှို့ဝှက်စွာတိုးမြှင့်ထုတ်လုပ်နေသည်ဟု အမေရိကန်ကဲ့သို့သော အနောက်အုပ်စုနိုင်ငံက အခိုင်အမာဆိုနေခဲ့သည်။

သို့သော်လည်း အီရန်နိုင်ငံကမူ အနောက်နိုင်ငံများက ဖိအားပေးပြီး ကုလသမဂ္ဂကသင့်လျော်သည့် ဆုံးဖြတ်ချက်ချကာ ပိတ်ဆို့အရေးယူခဲ့လင့်ကစား ၄င်း၏နျူကလီးယားအစီအစဉ်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်များဖြင့် အသုံးပြုရန်မျှသာ ရည်ရွယ်သည်ဟု အခိုင်အမာပြောကြားလျက်ရှိသည်။ **(အင်တာနက်)**



စီးပွားရေး အဆောက်အအုံ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စီးပွားရေး အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းခွင်ကို ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း တောင်အာဖရိကနိုင်ငံများသို့ သွားရောက်မည်

ဂျီနီဗာ ဖေဖော်ဝါရီ ၂၀

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် လာမည့်ရက်သတ္တပတ်၌ တောင်အာဖရိက ခရီးစဉ်အဖြစ် တန်ဇန်းနီးယား၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ရဝမ်ဒါနှင့် အီဂျစ်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်တွင် ၄င်း၏ပြောရေးဆိုခွင့်ရှိသူ ကိုယ်ရေးအရာရှိက ပြောကြားသည်။

သတင်းထုတ်ပြန်

အဆိုပါ ခရီးစဉ်ကို ပထမဦးစွာ တန်ဇန်းနီးယားနိုင်ငံ၌ ကျင်းပမည့် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ပြဿနာများနှင့် အကျိုးရလဒ်ကောင်းများ ရရှိရေးအတွက် ဆွေးနွေးမှုပြုလုပ်မည်ဖြစ်ရာ ဘဏ္ဍာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများ၊ သံတမန်ရေး ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်က သတင်းထုတ်ပြန်သည်။

ဆွေးနွေး

ယင်းနိုင်ငံများ၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများနှင့် အချင်းချင်း သဘောထားကွဲလွဲမှုများ ပြန်လည်ရင်ကြားစေ့ရေးတို့ကို ဆွေးနွေးသွားမည်ဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ရိုးရာယဉ်ကျေးမှုပွဲတော်ကျင်းပနေသည်ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြားမှ တရုတ်နိုင်ငံ၏မော်တော်ကားထုတ်လုပ်မှုမြင့်တက်ဖွယ်

ချန်ချူ ဖေဖော်ဝါရီ ၂၀

ငွေကြေးအကျပ်အတည်းများကြားမှပင် တရုတ်နိုင်ငံ၏မော်တော်ကားထုတ်လုပ်မှု(အက်ဖ်အေဒဗလျူ)မှ ယခုနှစ်အတွင်း မော်တော်ကားထုတ်လုပ်အသုံးပြုနိုင်မှု ပမာဏ ၆၁ ရာခိုင်နှုန်း ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ရက်တွင် (အက်ဖ်အေဒဗလျူ)အဖွဲ့က ပြောကြားသည်။

(အက်ဖ်အေဒဗလျူ)အဖွဲ့မှ မော်တော်ကားထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ၆၁၉သန်းသုံးစွဲမည်ဖြစ်ကြောင်း ယခင်နှစ်အတွင်း စက်အရန်ပစ္စည်းဖြစ်သည့် မော်တာရောင်းချရမှုပမာဏမှာ အမေရိကန်ဒေါ်လာ၁ဒသမ၅၃သန်းကျော်ရှိခဲ့ရာမှ နှစ်ချင်းအလိုက်တိုးမြှင့်မှုမှာ ၆ဒသမ၇၅ရာခိုင်နှုန်းရှိသည်။

တည်ထောင်

အဆိုပါ(အက်ဖ်အေဒဗလျူ)မော်တော်ကားထုတ်လုပ်မှုအဖွဲ့သည် ကျိုလင်းပြည်နယ်အရှေ့မြောက်ပိုင်း ချန်ချူဒေသ၌ ၁၉၅၃ ခုနှစ်က စတင်တည်ထောင်ခဲ့ရာ အမေရိကန်ပြီးလျှင် မော်တော်ကားအရောင်းဈေးကွက် ဒုတိယနေရာ၌ရှိသည်။

ကြုံတွေ့နေ

တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်သည် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့နေခိုက် ၄င်းနိုင်ငံ၏စီးပွားရေး စိန်ခေါ်မှုတစ်ရပ်အနေဖြင့် စက်မှုနည်းပညာဆိုင်ရာ ထုတ်လုပ်မှုများကို ရှေးရှုလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ဗြိတိန်နိုင်ငံမှ ရဟတ်ယာဉ်တစ်စင်း စကော့တလန် ကမ်းရိုးတန်းတွင် ပျက်ကျ

လန်ဒန် ဖေဖော်ဝါရီ ၂၀

ဗြိတိန်နိုင်ငံ၏ မြောက်ပိုင်းပင်လယ် စကော့တလန် ကမ်းရိုးတန်းအရှေ့ပိုင်း၌ ရဟတ်ယာဉ်တစ်စင်း ဖေဖော်ဝါရီ ၁၉ ရက်တွင် ပျက်ကျခဲ့ရာ လေယာဉ်ပေါ် ပါရှိသူ ၁၈ ဦးအား ကယ်ဆယ်နိုင်ခဲ့သည်။

ကယ်ဆယ်

အဆိုပါ မြို့ပြရဟတ်ယာဉ်သည် အရှေ့ဘက်ကမ်းရိုးတန်းဒေသရှိ ရေနံတူးဖော်ရာဒေသစီမံကိန်းမှ မီတာ ၅၀၀ ခန့်အကွာ၌ ပျက်ကျခဲ့ခြင်းဖြစ်ရာ ခရီးသည်များအား အသက်ကယ်လှေများဖြင့် သွားရောက်ကယ်ဆယ်ခဲ့ရာ တစ်ဦးမျှ ပြင်းထန်စွာ ဒဏ်ရာရမှု မဖြစ်ပေါ်ခဲ့ကြောင်း ကမ်းရိုးတန်းရေနံထုတ်လုပ်မှု စီမံကိန်းက ပြောကြားသည်။

အမ်အင်န်အေရိုက်တာ

လက်တော့ပ်ကွန်ပျူတာ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ အက်ပဲလ်ကုမ္ပဏီမှ ထုတ်လုပ်သည့် လက်တော့ပ်ကွန်ပျူတာကို ဖေဖော်ဝါရီ ၂၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဟောင်ကောင်၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြပွဲဖွင့်လှစ်

ဟောင်ကောင် ဖေဖော်ဝါရီ ၂၀

တရုတ်–ဟောင်ကောင်ရှိ (၁၉) ကြိမ်မြောက် အသက်မွေးဝမ်းကျောင်း အတတ်ပညာပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက်က ဖွင့်လှစ်ရာ နိုင်ငံပေါင်း ၁၄နိုင်ငံမှ အတတ် ပညာရှင်နှင့် ဒေသတွင်း အတတ်ပညာရှင် ၅၀၀ကျော်တို့ ပါဝင်ကြောင်း တရုတ်–ဟောင်ကောင် ကုန်သွယ်ဖွံ့ဖြိုးမှု ကောင်စီ (အိတ်ချ်ကေတီဒီစီ)က ပြောကြားသည်။

ဆောင်ရွက်

ယင်းပြပွဲအခမ်းအနားကို လေးရက်ကြာ ကျင်းပမည်ဖြစ်ရာ အသက်မွေးဝမ်းကျောင်း အတတ်ပညာဖွံ့ဖြိုးရေး၊ ပညာရှင်များပေါ်ထွန်းရေးကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပါဝင်

အဆိုပါပြပွဲအခမ်းအနား၌ ပညာရေးနှင့် အတတ်ပညာပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားထားရှိပြီး အာရှနိုင်ငံများရှိ တက္ကသိုလ်၊ ကောလိပ်၊ ဘာသာစကားဆိုင်ရာကျောင်းများ၊ အသက်မွေးဝမ်းကျောင်း ပညာသင်တန်းကျောင်းများနှင့် အခြားအဖွဲ့အစည်းများမှ အတတ်ပညာရှင်များ ပါဝင်သည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းတွင် နစ်မြုပ်ခဲ့သော သင်္ဘောမှ ယနေ့အထိ သေဆုံးသူ ၂၇ဦး၏ အလောင်းကိုဆယ်ယူရရှိ

ဒါကာ ဖေဖော်ဝါရီ ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၏ တောင်ဘက် ၁၆၉ ကီလိုမီတာအကွာ ဘာရီဆယ်ခရိုင်ရှိ မြစ်တစ်ခုအတွင်း၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ကူးတို့သင်္ဘောနစ်မြုပ်ခဲ့ရာ ယနေ့အထိ ယင်းသင်္ဘောမှ သေဆုံးသူ ၂၇ဦး၏ အလောင်းများကို ကယ်ဆယ်ရေးများက ပြန်လည်ဆယ်ယူနိုင်ခဲ့ကြောင်း၊ နိုင်ငံပိုင် ဘီတီဗွီသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်

သေဆုံးသူများထဲတွင် အမျိုးသမီးနှင့်ကလေးများ ပါဝင်ပြီး ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယင်းဌာနက ဆက်လက်ထုတ်ပြန်သည်။

အတည်ပြု

ကူးတို့သင်္ဘောနစ်မြုပ်ခဲ့ပြီးနောက် ခရီးသည် ၅၀ ဝန်းကျင် ပျောက်ဆုံးနေသည်ဟု ဒေသခံရဲအဖွဲ့က အတည်ပြုပြောကြားခဲ့သောကြောင့် ယင်းမြစ်အတွင်း ခရီးသည်အများအပြား နစ်မြုပ်ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ယင်းသတင်းဌာနကကြေညာသည်။

ယင်းနိုင်ငံအတွင်း အကြီးဆုံးမြစ်များအနက် တစ်ခုအပါအဝင်ဖြစ်သော ကီရ်တန်ခိုလာ မြစ်အတွင်း၌ ယင်းနေ့ဒေသစံတော်ချိန် ၆ နာရီခွဲတွင် ခရီးသည် ၁၅၀ တင်ဆောင်လာသော အဆိုပါ ကူးတို့သင်္ဘောအား ကုန်တင်သင်္ဘောက နောက်မှ ဝင်တိုက်ခဲ့သဖြင့် နစ်မြုပ်ခဲ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

ကဘူးလ်မြို့၌ အကြမ်းဖက်မှု အရပ်သား ၂၀ သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဖေဖော်ဝါရီ ၁၉ရက်က တာလီဘန် လက်နက်ကိုင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဒေသငါးခုအတွင်း တစ်ပြိုင်နက်ဖြစ်ပွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒဏ်ရာရရှိ

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက လက်နက်ကိုင်များ၏ တိုက်ခိုက်မှုကြောင့် အရပ်သား ၂၀သေဆုံးပြီး ၅၄ဦး ဒဏ်ရာရရှိကြောင်း ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

တိုင်းမှူးများနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဂွမြို့၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ဖေဖော်ဝါရီ ၁၄ရက် ညနေပိုင်းက ရခိုင်ပြည်နယ် ဂွမြို့ အောင်မင်္ဂလာခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကြသည်။

တံတားပြုပြင်ရန်

ထို့နောက် တိုင်းမှူးများ၊ ဝန်ကြီးနှင့်အလှူရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ်သိန်း ၅၀၊ ဂွမြို့မှ တောင်ဘက်သို့သွားသော လမ်းပိုင်းရှိ တံတားများ ပြုပြင်ရန် ငွေကျပ် ၅၂သိန်းနှင့် သစ်တန်၂၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ဂွမြို့ ရပ်ကွက်တို့ရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဝန်ကြီးနှင့်အလှူရှင်တို့က ငွေကျပ် ၁၀သိန်းနှင့် ဘိလပ်မြေ၊ သစ်နှင့် သံတို့ကို ပေးအပ်လှူဒါန်းကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖေဖော်ဝါရီ ၁၆ရက်တွင် ကျိန္တလီမြို့သို့ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အလှူငွေကျပ် ၅၂သိန်းနှင့် သွပ်၊ သစ်နှင့် ဘိလပ်မြေ အိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဂွမြို့ ရပ်ကွက်တို့ရွာရှိ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သစ်တော)

စပါးခွံဖြင့်ချက်သော ဆားလုပ်ငန်းခွင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကဝမြို့နယ် ဖောက်ကံကျေးရွာ၌ စပါးခွံဖြင့်ချက်သော ဆားလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ပဲခူးတိုင်း ကဝမြို့နယ်ရှိ နေလှန်းဆားလုပ်ငန်းနှင့် စပါးခွံနှင့်ချက်သော ချက်ဆားလုပ်ငန်း ဆောင်ရွက်နေမှု

ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက ကဝမြို့နယ် သမ္ဗန်ဆိပ်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော နေလှန်းဆားလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး မုတ္တမပင်လယ်မှ ရေခေါ်မြောင်းဖြင့် ဆားငန်ရည်သွင်းယူမှု အဆင့်ဆင့်ကို လည်းကောင်း၊ ဆားကွင်းအတွင်း အဆင့်ဆင့် နေလှန်းနေမှုကိုလည်းကောင်း၊ ဆားကွင်းများပြင်ဆင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေလှန်းဆားလုပ်ငန်း လုပ်ငန်းခွင်၌ နေလှန်းဆား ထုတ်လုပ်ပုံ အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ကဝမြို့နယ် ဖောက်ကံကျေးရွာရှိ စပါးခွံဖြင့်ချက်သော ဆားလုပ်ငန်းခွင်၌ ဆားချက်လုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဆားလုပ်ငန်းပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်ရန် ကဝမြို့နယ်ရှိ ဆားလုပ်ငန်းဆောင်ရွက်နေသော ရွာသားများအတွက် အရင်းမပျောက် လုပ်ငန်းမတည်ငွေကျပ်သိန်း ၁၀၀ကို ပေးအပ်သည်။

တိုးချဲ့ဆောင်ရွက်သွားမည်

စပါးခွံနှင့်ချက်သော ဆားချက်လုပ်ငန်းသည် ကဝမြို့နယ်၌ ၁၂၆ဖို၊ သနပ်ပင်မြို့နယ်၌ ဖို ၅၀ စုစုပေါင်း ၁၇၆ဖိုရှိပြီး တစ်နှစ်လျှင် ဆားပိဿာငါးသိန်းခန့် ထွက်ရှိမည်ဖြစ်သည်။ ပဲခူးတိုင်းအတွင်း နေလှန်းဆားချက်လုပ်ငန်းကို ယခင်ကလုပ်ကိုင်ခဲ့ဖူးခြင်းမရှိသော်လည်း ယခုအခါ မြန်မာ့ဆားလုပ်ငန်းနှင့် ပူးပေါင်း၍ ဧက ၅၀ခန့် စတင်ဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆားကွင်းအသစ်များကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၂-၂၀၀၉ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ **သတင်းကောင်း** သျှားညို၊ဆုပန်ထွာ၊ပွင့် (ဒါရိုက်တာညိုမင်းလွင်)
၈:၃၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၁၅ ၅။ Yan Can Cook
၁၂:၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၂၄)
၁၃:၂၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၄:၀၀ ၈။ တေးဂီတအစီအစဉ်
၁၄:၁၅ ၉။ ပန်းပေါင်းစုံရာမြေ
၁၄:၃၀ ၁၀။ အတီးပြိုင်ပွဲ
၁၄:၄၅ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၅ ၃။ ယုဇနစားသုံးဆီသန့်စင်စက်ရုံ
၄:၄၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၅၅ ၅။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅:၂၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၇။ မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
၅:၄၅ ၈။ တေးဂီတအစီအစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၅၅ ၁၂။ ပဋ္ဌလက်ကျောင်းတော်
၇:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၂၁)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၁၂)
၁၈။ အစီအစဉ်ပြီး၏။

လှိုင်မြို့နယ် အမက(၂၇)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြညွန့်က ပထမတန်းတွင် ပထမဆုရရှိသော မောင်ဇေယျမင်းမြတ်အား ဆုချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင်၃၈၀ ခရီးရှည်

အမျိုးသား စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင်၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ရက်တွင် ကျင်းပမည်ဖြစ်သည်။

စတင်တာထွက်

ဖေဖော်ဝါရီ ၂၃ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှေ့မှ စတင်တာထွက်မည်ဖြစ်ပြီး ဝေဇယန္တာလမ်းမှတစ်ဆင့် အမှတ် ၃ လမ်းမကြီးအတိုင်း ထောက်ကြန့်-လှည်းကူး၊ ပဲခူး၊ ဘုရားကြီး၊ ဝေါ၊ စစ်တောင်းတံတားအသစ်မှ ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့၌ ပန်းဝင်၍ ညအိပ်ရပ်နားမည်ဖြစ်သည်။

ကျိုက်ထို

ဖေဖော်ဝါရီ၂၄ရက်တွင် ကျိုက်ထိုအားကစားကွင်းရှေ့မှ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်မြို့ ကမ်းနားလမ်းအတိုင်း စီးနင်း၍ အကောက်ခွန်ရုံးရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

မော်လမြိုင်

ဖေဖော်ဝါရီ ၂၅ရက်တွင် မော်လမြိုင်မြို့ ကမ်းနားလမ်း အကောက်ခွန်ရုံးရှေ့မှ ပေါင်၊ သထုံ၊ ဘီးလင်း လမ်းကြောင်းအတိုင်း ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

ဖေဖော်ဝါရီ၂၆ရက်တွင် ကျိုက်ထို-စစ်တောင်းတံတားအသစ်၊ ဝေါ၊ ဘုရားကြီး၊ ပဲခူး၊ ထောက်ကြန့် လမ်းကြောင်းအတိုင်း ယှဉ်ပြိုင်၍ ထောက်ကြန့် ကျွန်းအမှတ်(၂၃)၌ ပန်းဝင်မည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို ညနေ ၃နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

မိုင်၃၈၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးကြရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထွေထွေ ရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေကြသော လူနာများအတွက် ဖေဖော်ဝါရီ၁၅ရက်က မြောက်ဥက္ကလာပမြို့နယ်(ဆ)ရပ်ကွက် သာသနပါလမ္မောရုံငြိမ်းအေးချမ်းသာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃနှင့် ပရဟိတအကျိုးတော်ဆောင်အဖွဲ့မှ သွေးလှူရှင် ၇၀ ကျော်တို့က ဒုတိယအကြိမ်စုပေါင်း သွေးလှူဒါန်းကြရာ မြို့နယ်သွေးလှူရှင်အသင်း နာယက ဦးမြင့်(ကျိုက်လတ်မိုးမြင့်)နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။
(ကျန်းမာရေး)

21-2 (05).pmd 1 2/21/2009, 2:19 AM

တောင်ကုတ်မြို့ ယာဉ်တင် CDMA-450 တယ်လီဖုန်းစနစ်ဖွင့်ပွဲ

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဖေဖော်ဝါရီ ၁၆ရက်က မအီမြို့ လမူးမော် ကျေးရွာသို့ရောက်ရှိပြီး ပတ်ဝန်းကျင်ကျေးရွာ သုံးရွာမှ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့် တွေ့ဆုံကာ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် မအီမြို့သို့ရောက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဆက်သွယ်ရေးစခန်းရုံးနှင့် အသစ်ဆောက်လုပ်လျက်ရှိသော ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တောင်ကုတ်မြို့ ယာဉ်တင် CDMA-450 တယ်လီဖုန်းစနစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အဝေးဆက်သွယ်မှုများ စမ်းသပ်ခေါ်ဆို၍ အိတ်ချိန်းစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် တောင်ကုတ်မြို့နယ် ရိုးမလှိုင်းစာကြည့်တိုက်သစ် ဖွင့်ပွဲသို့ တက်ရောက်၍ စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တောင်ကုတ်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအဘိဓာန် ဒုတိယအကြိမ်ပြင်ဆင် ဖြည့်စွက်ပုံနှိပ်ခြင်း စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာစာပေကို လေ့လာလိုက်စားသူများ၊ တက္ကသိုလ်ကောလိပ် ကျောင်းသားကျောင်းသူများ၊ အခြေခံပညာအထက်တန်းကျောင်းသားများနှင့် အများပြည်သူတို့ အကိုးအကားပြု လက်ကိုင်ထားသင့်သော မြန်မာအဘိဓာန် (ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက် တည်းဖြတ်ပုံနှိပ်ခြင်း)ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနမြန်မာစာအဖွဲ့ဦးစီးဌာနက ယနေ့စတင် ထုတ်ဝေရောင်းချကြောင်း၊ မြန်မာဘာသာစကားနှင့် ပတ်သက်၍ အနက်အဓိပ္ပာယ်၊ စာလုံးပေါင်းသတ်ပုံ စသည်တို့ကို အလွယ်တကူ ကိုးကားနိုင်သော လက်စွဲမြန်မာအဘိဓာန်အဖြစ် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာစာအဖွဲ့သည် မြန်မာအဘိဓာန် အကျဉ်းချုပ်ငါးတွဲကို ၁၉၇၁ ခုနှစ်က စတင်ပြုစုပြီး ၁၉၈၀ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။ မြန်မာအဘိဓာန် ငါးတွဲကို အခြေခံပြုပြင်ကာ မြန်မာအဘိဓာန်ကို ကမှ အ အထိ ပါဝင်သည့် ကျမ်းတစ်စောင်အဖြစ်ပြုစု၍ ၁၉၉၁ခုနှစ် စက်တင်ဘာလတွင် ပထမအကြိမ်ထုတ်ဝေခဲ့သည်။ ၁၉၉၁ခုနှစ်က ထုတ်ဝေခဲ့သော မြန်မာအဘိဓာန်(က-အ)သည် ယခုအခါ ရှားပါးသောစာအုပ်ဖြစ်နေသဖြင့် အများပြည်သူ အကျိုးငှာ ဒုတိယအကြိမ်ထုတ်ဝေရန် လိုအပ်နေပြီဟု ယူဆသောကြောင့် ၁၈နှစ်ကြာ သက်တမ်းရှိနေသော မြန်မာအဘိဓာန် (က-အ)ကို ဒုတိယအကြိမ် တည်းဖြတ် ထုတ်ဝေရန် လွန်ခဲ့သော နှစ်နှစ်ကျော်ကတည်းက စတင်တည်းဖြတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာအဘိဓာန်ကို ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ရာတွင် ပထမအကြိမ်ထုတ်စာအုပ်၌ ဖော်ပြထားသော ဝေါဟာရအချို့၏ အသံထွက်၊ အနက်အဓိပ္ပာယ်တို့ကို ပိုမိုပီပြင်အဆင်ပြေအောင် ပြုပြင်ခြင်း၊ ဝေါဟာရအချို့ကို ရုပ်ပုံများဖြင့်ဖော်ပြလျှင် ပိုမိုထိရောက်နားလည်စေမည်ဟု ယူဆသဖြင့် ဆိုင်ရာဝေါဟာရများတွင် ရုပ်ပုံများ၊ရုပ်ပုံညွှန်းများဖြည့်စွက်ဖော်ပြခြင်း၊ ဝေါဟာရအချို့ကို ဖြည့်စွက်ခြင်းဖြင့် စိစစ်တည်းဖြတ်ထားသည်။

ယခုထုတ်ဝေသော မြန်မာအဘိဓာန်တွင် တည်ပုဒ်ပေါင်း ၁၈၀၀၀ ကျော်ပါဝင်သည်။ ဘာသာစကားဆိုင်ရာ ဝေါဟာရများသာမက ပညာရပ်ဆိုင်ရာဝေါဟာရများကိုလည်း အထိုက်အလျောက်ထည့်သွင်းပေးထားသည်။ အနက်အဓိပ္ပာယ်ကိုလွယ်ကူစေသော စကားလုံးများဖြင့် ကျစ်ကျစ်လစ်လစ်ဖွင့်ဆိုသည်။ နောက်ဆက်တွဲအဖြစ် ချင့်ဝန်၊ ချိန်ဝန်၊ အတိုင်းအတာစနစ်များ၊ ၁၂ ရာသီ အရုပ်၊ ပွဲ၊ ပန်း၊ နက္ခတ်ပြဇယားများကိုပါ ဖော်ပြပေးထားသည်။

မြန်မာအဘိဓာန်ကို ကွန်ပျူတာတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာအဘိဓာန်ကွန်ပျူတာစီဒီကိုလည်း စာအုပ်နှင့်တစ်ပါတည်း ထည့်သွင်းပေးထားသည်။ ကွန်ပျူတာ စီဒီကိုအသုံးပြုရာတွင် ယခင်က ထုတ်ဝေခဲ့သော အဘိဓာန်စီဒီများကဲ့သို့ ကွန်ပျူတာတွင် စီဒီထည့်ထားပြီးမှ အသုံးပြုနိုင်ခြင်းမျိုး မဟုတ်တော့ဘဲ တစ်ကြိမ်ထည့်သွင်းထားရုံမျှဖြင့် အသုံးပြုနိုင်စေရန် လုပ်ဆောင်ပေးထားသည်။

မြန်မာအဘိဓာန်စာအုပ်ကို စက္ကူဖြူချောဖြင့် သပ်ရပ်စွာပုံနှိပ်ထားပြီး(ကွန်ပျူတာသုံးစီဒီအပါအဝင်) ရောင်းဈေးကျပ် ၇၀၀၀ ဖြင့် မြန်မာစာအဖွဲ့ဦးစီးဌာနနှင့် ရန်ကုန်၊ မန္တလေးမြို့များရှိ စာအုပ်ဆိုင်များ၊ စူပါမားကက်များတွင် ဝယ်ယူရရှိနိုင်သည်။ ယခုထုတ်ဝေသော မြန်မာအဘိဓာန် အပါအဝင် မြန်မာစာဦးစီးဌာနမှ ထုတ်ဝေထားသော မြန်မာ-အင်္ဂလိပ် အဘိဓာန်၊ အင်္ဂလိပ်-မြန်မာအဘိဓာန် စာအုပ်များကို ရန်ကုန်မြို့ စည်ပင်သာယာ နယ်နိမိတ်အတွင်းနေထိုင်ပြီး အိမ်အရောက် ပေးပို့စေလိုပါက အပိုကြေးပေးစရာမလိုဘဲ ရောင်းဈေးအတိုင်း Novel Light Express ဖုန်း-၃၉၁၁၈၆ သို့ ဆက်သွယ်မှာကြားဝယ်ယူနိုင်သည်။

မြန်မာစာအဖွဲ့သည် အဘိဓာန်ကျမ်းများအပြင် မြန်မာသဒ္ဒါကျမ်း၊ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း၊ မြန်မာစကားပုံ၊ မြန်မာစာမြန်မာစကား၊ မြန်မာဆိုရိုးစကား၊ အလင်္ကာပုံဝတ္ထုများ (၂)၊ ရွှေစည်းခုံမွန်ကျောက်စာလေ့လာချက်၊ မြန်မာပင်းရစ်ခွဲထားရကန်နှင့် မြန်မာစာမြန်မာမှုပါဠိအဘိဓာန်သစ် စာအုပ်များကိုပါ ပြုစုထုတ်ဝေထားပြီး မြန်မာစာအဖွဲ့ ဦးစီးဌာန အမှတ် ၂၇ ပြည်လမ်း ၆ မိုင်ခွဲ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ ချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ မြေပုံမြို့နယ် ကမ်းထောင်းကြီးကျေးရွာ ပြည်သူများအတွက် ဆေးဝါးနှင့် ပစ္စည်းများပေးအပ်လှူဒါန်းစဉ်။ (ပို့ဆောင်ရေး)

ရခိုင်ပြည်နယ် အမ်းနှင့်မြေပုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်တို့သည် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စု၌ ကျင်းပသော ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံ ရပ်မိရပ်ဖများက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒါးလက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် အလှူငွေကျပ်သိန်း ၃၀၊ ဘိလပ်မြေ အိတ် ၁၅၀၊ ကျေးလက်ဆေးပေးခန်းအတွက် ဘိလပ်မြေအိတ် ၅၀၊ ကျောင်းအတွက် ကျောင်းသုံး ဗလာစာအုပ်၊ စာကြည့်တိုက်အတွက် ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာစောင်၊ ကျေးရွာ အတွက် အဝတ်အထည်၊ ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့တို့အတွက် ထောက်ပံ့ငွေကျပ် သုံးသိန်းစီတို့ကိုပေးအပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးသည် ကျေးရွာ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် မြေပုံမြို့နယ် ကမ်းထောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပညာနေခြည် ခန်းမ၌ ကျင်းပသော ကျေးရွာပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့တက်ရောက်ကြပြီး ဝန်ကြီးနှင့် ဒုတိယတိုင်းမှူးတို့က အမှာစကား ပြောကြားကာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကမ်းထောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် ဘိလပ်မြေအိတ် ၅၀၀နှင့် အမိုးသွပ်ပြား အချပ် ၅၀၀၊ ဆေးရုံခွဲစိတ်ခန်းအတွက် အလှူငွေ ကျပ်သိန်း ၃၀နှင့် ကျေးရွာနေ ပြည်သူများအတွက် ဆေးဝါးနှင့် ပစ္စည်းများ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာစောင်များ၊ အဝတ်အထည်များနှင့် ကမ်းထောင်းကြီးကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့ ခြောက်ဖွဲ့အတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ကဇူးတိုင်းကျေးရွာ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားကာ ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်၊ ကျေးရွာအတွက် အဝတ်အထည်၊ စာကြည့်တိုက်အတွက် ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များ၊ ဆေးပစ္စည်းများ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများကိုပေးအပ်ပြီး ဒေသခံပြည်သူများ၊ ကျေးရွာရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ်(၇၆၀)နေ ဦးသိန်းဟန်-ဒေါက်တာ ဒေါ်သန်းသန်းနု၊ သမီး မမြတ်သီဂီဟန်မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပါရဂူဗိုလ်မှူးကြီးမျိုးညွန့်က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ပုဇွန်တောင်မြို့နယ် သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေး အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော် ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် အဆိုပါစေတီတော်ရင်ပြင်တော်ရှိ ဓမ္မာရုံသစ်ကြီး၌ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရွှေဘုန်းပွင့်စေတီတော် ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်ကြည့်ညိုကြပြီး အလှူငွေများ လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ရွှေဘုန်းပွင့်စေတီတော် ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော် ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ကြည့်ညိုကြစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည့်ညို

ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ရွှေဘုန်းပွင့်စေတီတော် ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည့်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီး ကော်မတီ အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က စေတီတော် ပဋ္ဌမအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးကြောင်စုံ(ခ)ဦးတင့်လွင်-ဒေါ်အီး (ခ)ဒေါ်ကျင်စွမ်း (လွင်နှင့်စွမ်း မိသားစု ကုမ္ပဏီ)က ငွေကျပ် ၁၀၈သိန်း၊ သုဓမ္မ မဏ္ဍိဇောတရေ ဦးစိုးနိုင် (လူမှုထူးချွန် တတိယဆင့်) (အေးအေးခိုင် ကျောက်မျက် ကုမ္ပဏီ)က ငွေကျပ် ၁၅သိန်း၊ ဒေါက်တာ ခင်အေးလွင်က ဘိုးဘွားများနှင့် မိဘနှစ်ပါး အားရည်စူး၍ ငွေကျပ် ၁၃၅၀၀၀၀၊ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု၊ သား ရုပ်ရှင် နှင့် ဗီဒီယိုသရုပ်ဆောင် ခန့်စည်သူမိသားစု က ငွေကျပ် ၁၁၄၈၀၀၀၊ ဦးမောင်မောင်-ဒေါ်နွဲ့နွဲ့ဝေ မိသားစုက ငွေကျပ် ၈၄၀၀၀၀၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်-ဒေါ်မာလာဝင်း မိသားစုကငွေကျပ် ၆၉၀၀၀၀၊ ဦးသူတော်-ဒေါ်လှလှသိန်း မိသားစုက ငွေကျပ် ၅၄၀၀၀၀၊ ဦးအေး (မောင်အေးကဖီး မိသားစု)က ငွေကျပ်ငါးသိန်း၊ ဦးရဲမြင့်-ဒေါ်ခင်မာမင်း၊ သား မြင့်မောင်တင့်၊ ဒေါက်တာမြင့်မောင်ဆင့်၊ သမီး မြင့်သူဇာ မင်း မိသားစုက ငွေကျပ် ၃၉၂၀၀၀၊ ဦးအောင်နိုင်-ဒေါ်နုနုခင် သားသမီး၊ မြေး တစ်စုက ငွေကျပ် ၃၇၈၀၀၀၊ ဗိုလ်မှူးကြီး ညွှန့်ဆွေ (ငြိမ်း) - ဒေါ်သက်သက်ဆွေ သားသမီး၊ မြေးတစ်စုက ငွေကျပ် ၃၀၈၀၀၀၊ ဦးဇော်မင်းနှင့် ဦးစန်းယုမောင်၊ ဒေါ်သန်းအေးမိသားစု၊ ဦးရဲမြင့်နှင့် ဦးအောင် ကောင်းမြတ် မိသားစု (ရဲနဒီမော်တော်) တို့က ငွေကျပ်သုံးသိန်းစီ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး ဇနီး ဒေါ်နီနီဝင်းမိသားစုက ငွေကျပ် ၂၇၀၀၀၀၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဝင်း-ဒေါ်အေးအေးသိန်းမိသားစုက ငွေကျပ် ၂၇၀၀၀၀၊ဦးစိုးရီ-ဒေါ်ခင်ခင်လတ်မိသားစု၊ ဦးအောင်စိုးမင်း(ညွှန်ကြားရေးမှူး)-ဒေါ်နန်း သီတာမိသားစု၊ ဗိုလ်ကြီးသန်းဇော်ဝင်းနှင့် မောင်ဟိန်းဇော်ဝင်း၊ ဦးခင်ဇော်-ဒေါ်စန္ဒာဝင်း၊ သား စစ်သွေးဇော် မိသားစု၊ ဦးသိန်းနိုင် (ဒုတိယညွှန်ကြားရေးမှူး)-ဒေါ်မာမာဌေး၊ သမီး မဇင်သက်နိုင်မိသားစု၊ ဦးဆန်နီ-ဒေါ်ဥမ္မာ မိသားစု၊ ဦးမြတ်သာ-ဒေါ်ရီရီတို့အား အမှူးထား၍ သမီး မခိုင်ကြည်ဝင်း၊ ဒေါ်ဒေစီသွင်၊ သား ဦးခိုင်စိုးနှင့် မြေး မဝင့်ဖြူနွေး၊ ဦးအောင်စိုး-ဒေါ်လှလှဝင်း မိသားစုတို့က ငွေကျပ် ၂၇၀၀၀၀စီ၊ ဦးဝင်းလှိုင်-ဒေါ်ခင်စန်းမြင့် မိသားစုက ငွေကျပ် ၁၉၆၀၀၀၊ ဦးဟန်စိန် အားရည်စူး၍ ဒေါ်စန်းမိသားစုက ငွေကျပ် ၁၆၀၀၀၀၊ ပံသု ကျောက်ပြားကုမ္ပဏီက ငွေကျပ်ငါးသိန်းနှင့် ငွေကျပ်တစ်သိန်းအလှူရှင် ၁၉ဦးတို့အပါအဝင် အလှူရှင်များက အလှူငွေ စုစုပေါင်း ငွေကျပ် ၂၅၀၇၂၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ပဋ္ဌမအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဗဟို ဦးစီးကော်မတီ အတွင်းရေးမှူး မြန်မာ့ ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ တွဲဖက်အတွင်း ရေးမှူး(၁) စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ရွှေဘုန်းပွင့်စေတီတော် ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ထံ ရွှေဘုန်းပွင့်စေတီတော် ပဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် ဦးကြောင်စုံ(ခ)ဦးတင့်လွင်-ဒေါ်အီး (ခ)ဒေါ်ကျင်စွမ်း (လွင်နှင့်စွမ်း မိသားစု)က ငွေကျပ် ၁၀၈သိန်းကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆုတောင်း

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လှူဒါန်းနိုင်

သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်ကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ သာသနိကအဆောက်အအုံများကို ရှေးမူ မပျက် မွမ်းမံပြင်ဆင်ခြင်းများ အပါအဝင် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း များကို စေတီတော်ဘက်စုံပြုပြင် မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီက ကြီးပမ်းဆောင်ရွက်လျက်ရှိပြီး စေတနာရှင် ပြည်သူများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ စာတမ်းဖတ်ပွဲ

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ၂၈ရက်(စနေနေ့) နံနက်၉နာရီတွင် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ဖုန်း-၅၁၉၆၇၃၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အင်းစိန် အလက (၉) အာစရိယပူဇော်မည်

အင်းစိန်မြို့နယ် အလက(၉)တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူ ဟောင်းများ၏ အာစရိယပူဇော်ပွဲကို လာမည့် ဧပြီ၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီ တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၄၀၁၆၉ နှင့် ၆၅၂၂၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြန်မာနိုင်ငံဓာတ်ပုံအသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မတ်လတွင် ကျင်းပမည်ဖြစ်ပြီး အသင်းကို ပိုမိုကျစ်လျစ် ခိုင်မာစွာ ဖွဲ့စည်းနိုင်ရေး အတွက် အသင်းသားဟောင်းများ ဖုန်း-၀၁-၃၇၃၁၆၇နှင့် ပြည်နယ်/တိုင်း အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ပြန်လည်ဆက်သွယ် ကြရန် နှိုးဆော်ထားသည်။

ရက္ခပဒေမိသားစု အာစရိယပူဇော်ပွဲ ရက်ပြောင်းရွှေ့

ရန်ကုန်တက္ကသိုလ် ရက္ခဗေဒမိသားစုနှင့် စာသင်နှစ်အသီးသီးမှ ရက္ခဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် အစား ဖေဖော်ဝါရီ ၂၇ရက် (သောကြာနေ့) နံနက် ၉နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံခန်းမ၌ ရက်ပြောင်းရွှေ့ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ဒဂုံ ဗျူရီကုမ္ပဏီလီမိတက်၏ အဓိကကူညီပံ့ပိုးမှုဖြင့် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီးကို ဖေဖော်ဝါရီ ၂၈ရက်နှင့် မတ် ၁ရက်တို့တွင် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ပြီး နာမည်ကြီးလက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်၍ ပြိုင်ပွဲကို နေ့စဉ် ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်သည်။

ချင်းတွင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ထူးဆောင်ဘွဲ့ရ ချင်းတွင်း နယ်သူ နယ်သားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အထက(၂)လမ်းမတော် မြတ်ဆရာပူဇော်ပွဲ

အထက(၂) လမ်းမတော် (ယခင်မြမာလာ)ကျောင်း၌ ပညာသင်ကြားခဲ့ကြ သော ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ်၂၂ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ပဲခူးအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၈ရက်(စနေနေ့) နံနက်၁၁နာရီ တွင် အောင်ဆန်းကွင်းမြောက်ဘက်တန်း အက်စ်(၁၀/၁၁) ဒုတိယထပ်၌ ကျင်းပမည် ဖြစ်ရာ ဖုန်း-၀၅၂-၂၂၈၁၂နှင့် ၀၁-၃၇၈၃၀၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

ပန်းချီပြပွဲ ပြသမည်

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)တွင် Frameless Art Exhibition (2009) အမည်ရှိ ပန်းချီပြပွဲကို ဖေဖော်ဝါရီ၂၅ရက်မှ မတ် ၁ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ပြီး ပန်းချီဆရာ ၁၂ဦး၏ မတူခြားနား ကွဲပြားသော ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်သည်။ ***(မြန်မာ့အလင်း)***

စုစည်းရေးသားသူ - ဝင်းကျော်

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၂-၂-၂၀၀၉)ရက်နေ့

၂၀၀၉ခုနှစ် မတ်လအတွက်

(၈-၃-၂၀၀၉)ရက်နေ့ နှင့် (၂၉-၃-၂၀၀၉)ရက်နေ့

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana နှင့် အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုဖြစ်ပေါ်စေရေးအတွက် မြန်မာနိုင်ငံအစိုးရအဖွဲ့ထံမှ အပြုသဘောဆောင်သည့် တုံ့ပြန်မှုများရရှိခဲ့

တွေ့ဆုံ

တရားသူကြီးချုပ်ဦးအောင်တိုးအား မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr.Tomas Ojea Quintana နှင့် အဖွဲ့တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana သည် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၉ရက်အထိ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်ခဲ့သည်။ Mr.Quintana သည် ဖေဖော်ဝါရီ ၁၄ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် ၎င်း၏ လိုလားချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ကရင်ပြည်နယ်သို့ ဖေဖော်ဝါရီ၁၅ရက် နံနက်တွင် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ရဟတ်ယာဉ်ဖြင့် သွားရောက်ရန် စီစဉ်ပေးခဲ့သည်။ Mr.Quintana သည် တစ်ရက်ခွဲကြာ ကရင်ပြည်နယ်ခရီးစဉ်အတွင်းတွင် ဥပဒေ ဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ကာ လေ့လာခဲ့သည့်အပြင် ဘားအံအကျဉ်းထောင်သို့လည်းသွားရောက်ကြည့်ရှုရာ အကျဉ်းသားများနှင့် သီးခြား တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။

အင်းစိန်အကျဉ်းထောင်

ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် Mr.Quintana ၏ မေတ္တာရပ်ခံချက်အရ ၎င်းသည် သံအမတ်ကြီးများ အများစု ပါဝင်သော သံတမန် ၃၀ခန့်နှင့်မြရိပ်ညိုဟိုတယ်၌ တွေ့ဆုံခဲ့သည်။ ထို့နောက်တွင် Mr.Quintana သည် အင်းစိန် အကျဉ်းထောင်သို့ သွားရောက်ခဲ့သည်။

ဖေဖော်ဝါရီ၁၇ရက်တွင် မအူပင် အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုရန်စီစဉ်ထားသော်လည်းMr.Quintana က သွားရောက်လိုခြင်း မရှိတော့နှင့် နှစ်ဦးချင်းတွေ့ဆုံခွင့် ရရှိခဲ့သည်။ ထို့နောက်တွင် ကုလသမဂ္ဂဌာနေအဖွဲ့နှင့် Mr.Quintana သည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံးတွင် တွေ့ဆုံလိုကြောင်းတင်ပြချက်အတိုင်း နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ရှင်းလင်းတင်ပြ

ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် Mr.Quintana သည် နေပြည်တော်သို့ လေယာဉ်ဖြင့်လာရောက်၍ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ မြန်မာရှေ့နေများကောင်စီမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် တွေ့ဆုံစဉ်တွင် Mr.Quintana သည် အကျဉ်းကျခံနေရသူများ အခြေအနေနှင့် မြန်မာအစိုးရနှင့်အတူလက်တွဲ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသောအဖွဲ့သုံးဖွဲ့ဖြစ်သည့် ဦးထိန်မောင်ခေါင်းဆောင်သောအဖွဲ့အား ထော့ကိုကိုးသို့ သွားရောက်၍လည်းကောင်း၊ ဖဒိုအောင်ဆန်းအဖွဲ့အားဘုရားကုန်းသို့ သွားရောက်၍လည်းကောင်း၊ ဒီကေဘီအေအဖွဲ့အား မြိုင်ကြီးငူသို့ သွားရောက်၍ လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ၎င်းတို့ အကောင်အထည် ဖော်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို Mr. Quintana က ကြောင်း တင်ပြချက်အရ ယင်းအစီအစဉ်ကို ပယ်ဖျက်၍ အချို့သောသံတမန်များနှင့် နှစ်ဦးချင်း တွေ့ဆုံလိုကြောင်း တင်ပြချက်အတိုင်း သက်ဆိုင်ရာ သံတမန်များနှင့်တွေ့ဆုံနိုင်ရန် အချိန်တိုအတွင်းတွင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ Mr.Quintana သည် ဩစတြေးလျနိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ သံအမတ်ကြီးများ၊ အမေရိကန် ပြည်ထောင်စုမှ သံရုံးယာယီတာဝန်ခံနှင့် ထိုင်းနိုင်ငံမှ အကြီးတန်း သံတမန်များ

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr.Tomas Ojea Quintana နှင့် အဖွဲ့ ဖဒိုအောင်ဆန်းနှင့်အဖွဲ့အား ကရင်ပြည်နယ် ဘုရားကုန်း၌ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံ၏တရားရေးစနစ်တို့ကို မေးမြန်းခဲ့ရာ တရားသူကြီးချုပ်က မြန်မာတရားစီရင်ရေးစနစ်အကြောင်းအကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့သည်။ ရှေ့နေချုပ်ဦးအေးမောင်နှင့်တွေ့ဆုံစဉ်တွင် ရှေ့နေချုပ်က Mr. Quintana အား မြန်မာနိုင်ငံ၏အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်ဖက်မည့် ဥပဒေများ ပြုပြင်ရေးဆွဲရေး အခြေအနေများကိုရှင်းလင်းဆွေးနွေးခဲ့သည်။ မွန်းလွဲပိုင်းတွင် Mr. Quintana သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ Mr. Quintana က သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်တို့နှင့်လည်း တွေ့ဆုံလိုပါကြောင်း ထပ်မံမေတ္တာရပ်ခံချက်အရ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အပြုသဘောဆောင်

ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် Mr. Quintana သည် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် Mr. Quintana နှင့် အဖွဲ့သည် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာ့လူ့အခွင့်အရေးအဖွဲ့နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် နှစ်ဖက်အမြင်များကို ဖလှယ်ခဲ့ကြသည်။ မြန်မာ့လူ့အခွင့်အရေး အဖွဲ့နှင့် တွေ့ဆုံပြီးနောက် Mr. Quintana သည် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

နေပြည်တော်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် တွေ့ဆုံစဉ် ၎င်းက ဦးဝင်းတင်နှင့် တွေ့ဆုံခွင့်ရရှိလိုကြောင်း တင်ပြသဖြင့် ဖေဖော်ဝါရီ ၁၉ရက် ညနေ၃နာရီ မိနစ်၂၀တွင် တွေ့ဆုံနိုင်ရန် စီစဉ်ပေးသော်လည်း ဦးဝင်းတင်က လက်ခံ တွေ့ဆုံခြင်း မပြုသဖြင့် တွေ့ဆုံနိုင်ခြင်း မရှိခဲ့ဘဲ ဦးဝင်းတင်ကိုယ်တိုင် ရေးသားထားသော လက်ရေးစာကိုသာ တာဝန်ရှိပုဂ္ဂိုလ်များက Mr.Quintana ထံ ပေးအပ်ခဲ့သည်။Mr.Quintana သည် ခရီးစဉ်အပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ၌ သတင်းစာဆရာများအား မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးအတွက် စိန်ခေါ်မှုများ ရှိနေသေးကြောင်း တွေ့ရှိရသော်လည်း အစိုးရ၏ ဆောင်ရွက်ချက်များသည် အပြုသဘောဆောင်ပါကြောင်းဖြင့် မှတ်ချက်ပြုသွားခဲ့သည်။ လေဆိပ်တွင် သံတမန်များနှင့် နောက်တစ်ကြိမ် တွေ့ဆုံခွင့်ရရှိရေးကိုလည်းဆောင်ရွက်ပေးခဲ့သည်။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည်Mr.Quintana ၏ လိုလားချက်အတိုင်း တာဝန်ရှိသူများ၊ သံတမန်များ၊ ကုလသမဂ္ဂဌာနေအဖွဲ့၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသော ငြိမ်းချမ်းရေးအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တွေ့ဆုံခွင့် ပြုခဲ့သည့်အပြင် ကရင်ပြည်နယ်နှင့် အကျဉ်းထောင်များသို့ သွားရောက်ခွင့်ပြုရန် တင်ပြချက်များကို အချိန်နှင့်အခြေအနေပေးသည်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထိုကဲ့သို့ Mr.Quintana နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းသည် မြန်မာနိုင်ငံတွင်လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးအတွက် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထင်ရှားစွာပြသနေခြင်းပင်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

နိုင်ငံတော်၏ ကျန်းမာရေး မူဝါဒရည်မှန်းချက်များမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသည့် ရည်မှန်းချက်ဖြစ်သည်။ ယင်းသို့သော ရည်မှန်းချက်များ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ဆေးတက္ကသိုလ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ကာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများကို ပိုမိုလေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

ဖွင့်လှစ်ပေးနိုင်

သို့ဖြစ်ရာ ပြည်သူများ အသက်ရှည်ကျန်းမာစွာ နေနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက မိမိကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်သကဲ့သို့ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် စေတနာထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပြုရာတွင် မြို့ပေါ်ဆေးရုံ၊ ဆေးခန်း၌သာမဟုတ် ကျေးလက်ဒေသ အောက်ခြေအထိဆင်းကာ ကျန်းမာရေးအသိပညာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရေး၊ ရောဂါကာကွယ်တားဆီးရေးနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာ ကုသပေးခြင်းတို့ကို အလေးအနက်ထားဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်နယ်အထွေထွေရောဂါကု ခုတင်၂၀၀ဆံ့ ဆေးရုံကို ၂၀၀၃ခုနှစ် မေလက ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ဆေးရုံတွင် ဆေးကုသဆောင်၊ ကလေးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ ထိခိုက်လူနာနှင့် အရိုးရောဂါကုဌာန၊ စောင့်ကြပ်ကြည့်ရှုခန်းနှင့် ခွဲစိတ်ခန်းတို့ ပါဝင်ကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း | အင်တာနက်ဖောင်ပိတ်သတင်း

ယူကရိန်းကုန်တင်လေယာဉ် အီဂျစ်၌ပျက်ကျ ငါးဦးသေဆုံး၊ အချို့ဒဏ်ရာရရှိ

ကိုင်ရို ဖေဖော်ဝါရီ ၂၀

ယူဂန္ဓာနိုင်ငံမှ ပျံသန်းလာသော ယူကရိန်း ကုန်တင်လေယာဉ်တစ်စင်းသည် အီဂျစ်နိုင်ငံတောင်ပိုင်း လူဆိုရာမြို့လေဆိပ်၌ ဖေဖော်ဝါရီ ၂၀ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အီဂျစ်လေကြောင်းအရာရှိများက ပြောကြားသည်။

မီးလောင်

ယူကရိန်းနိုင်ငံပိုင် အင်တိုနော့ဗ်-၁၂ကုန်တင်လေယာဉ်သည် လူဆိုရာလေဆိပ်၌ ပျံသန်းရန် ပြင်ဆင်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)** လေယာဉ်မီးလောင်မှု ဖြစ်ပွားရခြင်းမှာ လေယာဉ်မှူး၏ အမှားကြောင့်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်ပါရှိသူ ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်မှ ဂျပန်သို့ ပျံသန်းလာသောလေယာဉ် မတော်တဆဖြစ်ရပ်ကြောင့် ၄၇ဦး ဒဏ်ရာရရှိ

တိုကျို ဖေဖော်ဝါရီ ၂၀

ဖိလစ်ပိုင်နိုင်ငံမှ ခရီးသည် ၄၀၈ ဦးကို တင်ဆောင်ကာ ဂျပန်နိုင်ငံသို့ ဖေဖော်ဝါရီ ၂၀ရက်က ပျံသန်းလာသော ဘိုးရင်း ၇၄၇-၄၀၀ ခရီးသည်တင် လေယာဉ်တစ်စင်းသည် မတော်တဆဖြစ်ရပ်ကြောင့် ဂျပန်နိုင်ငံ တိုကျိုမြို့ နာရီတာလေဆိပ်သို့ အရေးပေါ် ဆင်းသက်ခဲ့ရာ ခရီးသည် ၄၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းစာရှင်းလင်းပွဲကျင်းပ

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana သည် ဖေဖော်ဝါရီ ၁၉ရက် ည၇နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းစာရှင်းလင်းပွဲကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များနှင့် ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ Mr.Quintana က ရှင်းလင်းပြောကြားရာတွင် "မိမိ၏ ခြောက်ရက်ကြာ မြန်မာနိုင်ငံခရီးစဉ်ကို အဆုံးမသတ်မီ သတင်းစာရှင်းလင်းပွဲကျင်းပခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေမှာ ယခုအချိန်အထိ စိန်ခေါ်မှုများနှင့် တွေ့ကြုံနေရဆဲပင် ဖြစ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုများ ဖြစ်ပေါ်စေရေးအတွက် မြန်မာအစိုးရအဖွဲ့ထံ မိမိက အကြံပြုရာတွင် အပြုသဘောဆောင်သည့် တုံ့ပြန်မှုများရရှိခဲ့ကြောင်း၊ နေပြည်တော်၌ တရားသူကြီးချုပ်နှင့်တွေ့ဆုံခဲ့ရာတွင် လွတ်လပ်သော တရားစီရင်ရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးဆိုင်ရာ မိမိ၏အကြံပြုချက်များနှင့်ပတ်သက်၍ ဆွေးနွေးခွင့်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ရှေ့နေချုပ်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကိစ္စ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်ကိစ္စ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတို့နှင့် ပတ်သက်၍ မိမိတို့ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း၊ ပြည်ထဲရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ရာတွင် မိမိ၏ လူ့အခွင့်အရေးဆိုင်ရာအကြံပြုချက်များနှင့်ပတ်သက်၍ အလေးထားမည်ဟု ၎င်းကတုံ့ပြန်ပြောဆိုခဲ့ကြောင်း၊ အင်းစိန် အကျဉ်းထောင်သို့လည်း ရောက်ရှိခဲ့ပြီး အကျဉ်းသားငါးဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ အဆိုပါထောင်တွင် လေးနာရီကြာမျှ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာကို အပြီးသတ်ပြုစုသွားမည်ဖြစ်ပြီး လာမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းရန် စီစဉ်ထားကြောင်း" ဖြင့် ပြောကြားသည်။

ထို့နောက် ရိုက်တာသတင်းဌာနမှ ဦးအောင်လှထွန်းက ကရင်ပြည်နယ်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၏ရလဒ်ကို သိရှိလိုကြောင်း မေးမြန်းခဲ့ရာ Mr.Quintana က ကရင်ပြည်နယ်တွင် မြန်မာနိုင်ငံအစိုးရနှင့် အပစ်အခတ် ရပ်စဲထားသည့် အဖွဲ့သုံးဖွဲ့နှင့် တွေ့ဆုံခွင့် ရရှိခဲ့ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းမ် သတင်းဂျာနယ်မှ ဦးကိုကိုက ဦးဝင်းတင်နှင့် တွေ့ဆုံခွင့်ရရှိခဲ့ခြင်း ရှိ၊ မရှိ မေးမြန်းရာ Mr.Quintana က မိမိသည် ဦးဝင်းတင်နှင့် တွေ့ဆုံလိုသော်လည်း တွေ့ဆုံနိုင်ခြင်း မရှိခဲ့ကြောင်း၊ သို့ရာတွင် ၎င်းထံမှ စာတစ်စောင်ကို လက်ခံရရှိခဲ့ကြောင်း၊ နောက်တစ်ကြိမ် မြန်မာနိုင်ငံသို့ မိမိလာရောက်လျှင် မိမိနှင့်၎င်းတို့ တွေ့ဆုံနိုင်မည်ဟုမျှော်လင့်ပါသည်ဟုအဆိုပါစာတွင် ဖော်ပြထားကြောင်း၊ ယခုတစ်ကြိမ်တွင် ၎င်းအနေဖြင့် မိမိအားမည်သည့်အတွက်ကြောင့် တွေ့ဆုံနိုင်ခြင်းမရှိသည်ကို မိမိမသိရှိပါကြောင်းဖြင့် ဖြေကြားသည်။

တိုးတက်မှု

ယင်းနောက် Seven Days ဂျာနယ်မှ ဦးမျိုးသာထက်က လွန်ခဲ့သည့်နှစ် ဩဂုတ်လအတွင်းက မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် Mr.Quintana၏ ခရီးစဉ်နှင့် ယခုတစ်ကြိမ်ခရီးစဉ်တို့၏ ကွာခြားချက်ကို သိရှိလိုပါကြောင်း မေးမြန်းရာ Mr.Quintana က လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် မိမိ၏ အကြံပြုချက်များနှင့် ပတ်သက်ပြီး တရားသူကြီးချုပ်က အပြုသဘော တုံ့ပြန်သည်မှာ ယခုခရီးစဉ်၏ တိုးတက်မှုပင် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲကို ည ၇နာရီ မိနစ် ၂၀တွင် ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ်မှ Deputy Governor, Mr. Ziaul Hasan Siddiqui နှင့်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အိမ်နီးချင်းမြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဓိကထား

နှစ်နိုင်ငံကုန်သွယ်မှုပမာဏမြှင့်တင်ပြီး နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးအသွင်လုပ်ဆောင်လို

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအောင်လွင်နှင့် ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းအောင်နှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူတို့အား ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဘဏ်မှ Deputy Governor, Mr. Ziaul Hasan Siddiqui၊ ဘင်္ဂလားဒေ့ရှ်-မြန်မာ စီးပွားတိုးမြှင့်ရေးကောင်စီဥက္ကဋ္ဌ Mr. Syed Mahmudul Huq၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုန်သွယ်ရေးအတိုင်ပင်ခံ Mr. Shafiqul Islam၊ Sonali Bank မှ အထွေထွေမန်နေဂျာ Mr.Md Atiqur Rahman၊ National Credit and Commerce Bank Ltd မှ မန်နေဂျင်း ဒါရိုက်တာ Mr. Mohamad Nurul Amin တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေ ၄နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ လာရောက်တွေ့ဆုံကြသည်။

တိုးတက်မြင့်မား

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်ကမိမိတို့နှစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပြီး ယခုကဲ့သို့ လာရောက်သည့်အတွက်UMFCCI ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံ ဖြစ်သည့်အပြင် အရေးကြီးသောကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် မြင့်မားလာလျက် ရှိကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အလျောက် ဆန်၊ ပဲမျိုးစုံ၊ ငါး၊ ပုစွန်စသော စားသောက်ကုန်များကို တစ်နေ့တခြား တိုးတက်ထုတ်လုပ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၏စားသောက်ကုန်ပစ္စည်း လိုအပ်ချက်များကို တင်ပို့ရောင်းချဖြည့်စွက်ပေးလျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အထူးသဖြင့် ယခင်နှစ်က ဘင်္ဂလားဒေ့ရှ်ကို တိုက်ခတ်ခဲ့သော လေမုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ဆန်အခက်အခဲကို ဦးစားပေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း။

မြှင့်တင်ဆောင်ရွက်

လွန်ခဲ့သောနှစ်က နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ အလည်အပတ် သွားရောက်ပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံကာ နှစ်နိုင်ငံအကျိုးကို မြှင့်တင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယင်းအဖွဲ့နှင့်အတူ မိမိနှင့်တကွ စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါသွားပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးရှိသော ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ ဆက်လက်၍လည်း လုပ်ငန်းတိုးတက်မှုရရှိအောင်ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်နှင့် သွားလာရေးလွယ်ကူအောင် လမ်းပန်းဆက်သွယ်မှုများကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ မကြာခင်ကာလတွင် ရခိုင်ပြည်နယ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားလာရေး၊ ကုန်စည်စီးဆင်းမှုများ တိုးတက်မြင့်မားပြီး လွယ်ကူလာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေးတိုးတက်မှုကို ပုံမှန်ကုန်သွယ်မှု ပုံစံဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုကိုလည်း Normal Trade Procedure အရ စီစဉ် ဆောင်ရွက်ရန် နိုင်ငံတော်က လမ်းညွှန်မှုပြုထားကြောင်း။

ညှိနှိုင်းစီစဉ်

ကုန်သွယ်ရေးမြှင့်တင်ရန်အတွက် နှစ်နိုင်ငံ ငွေကြေးကိစ္စချောမွေ့ရန် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံရှိ MICB, MFTB ဘဏ်များနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ရန် Corresponding Banks ကိစ္စကို နိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

မိမိတို့နှစ်နိုင်ငံ လုပ်ငန်းရှင်များ ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအပြင် နှစ်နိုင်ငံကုန်သွယ်ရေးကို ဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်ရေးစသည်တို့ကို ဘင်္ဂလားဒေ့ရှ်-မြန်မာ စီးပွားတိုးမြှင့်ရေးကောင်စီက အထူးဆောင်ရွက်ပေးနိုင်မည်ဟုယုံကြည်ကြောင်း၊ UMFCCI အနေဖြင့် မိမိတို့ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှု တိုးတက်မြင့်မားလာအောင် အထူးသဖြင့်ပုဂ္ဂလိကကဏ္ဍပါဝင်ဆောင်ရွက်ရေးကို တတ်အားသရွေ့ ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပုံမှန်ကုန်သွယ်ရေး

ထို့နောက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဘဏ်မှ Deputy Governor, Mr. Ziaul Hasan Siddiqui က မိမိတို့အဖွဲ့ အဓိကလာရောက်ရခြင်းမှာ နှစ်နိုင်ငံ စီးပွားရေး အခွင့်အလမ်းများ ဆွေးနွေးရန်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ အပြန်အလှန် ကုန်သွယ်မှုပမာဏသည် နည်းနေသေး၍မြှင့်တင်ရန်လိုအပ်ကြောင်း၊နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်မှုအသွင်ကို လုပ်ဆောင်လိုကြောင်း၊ ဘဏ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အဆင်ပြေချောမွေ့စေလိုကြောင်း၊ နှစ်နိုင်ငံဘဏ်လုပ်ငန်းများ စပ်ဆိုင်သော ကိစ္စရပ်များကို မကြာမီကာလတွင် ရန်ကုန်မြို့၌ ဆွေးနွေးပွဲတစ်ရပ်ကျင်းပလိုပါကြောင်း။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ပူးပေါင်းဆောင်ရွက်လိုပါကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံလိုပါက လုပ်ဆောင်နိုင်ကြောင်းကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား သိစေလိုပါကြောင်းဖြင့်ပြောကြားပြီး တွေ့ဆုံပွဲကို ညနေ ၅နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင် တာ နက် ကျန်း မာ ရေး

မြင်းခွာရွက်ကို နေ့စဉ်ပုံမှန်စားသုံးခဲ့လျှင် ကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်စွမ်းရှိ

မြင်းခွာရွက်ကို နေ့စဉ်ပုံမှန်စားသုံးပေးပါလျှင် ခန္ဓာကိုယ်အတွင်း၌ ဖြစ်ပွားနိုင်သော ကင်ဆာဆဲလ်များကို ဖျက်ဆီးပစ်နိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ဟန့်တား

မြင်းခွာရွက်ကိုနေ့စဉ် တစ်နေ့လျှင် ၈၅ ဂရမ်ခန့် စားသုံးပေးပါက အထူးသဖြင့် သွေးကင်ဆာဖြစ်ပွားမှုကို ဟန့်တားကာကွယ်ပေးနိုင်ကြောင်း၊ ထို့အပြင် သွေးအတွင်း သွေးဖြူဥများပြားမှုကိုလည်း ဟန့်တားပေးနိုင်ကြောင်း သိရသည်။

အသက် ၁၉ နှစ်နှင့် ၃၅နှစ်အကြား လူလတ်ပိုင်းအမျိုးသား ၃၀နှင့် အမျိုးသမီး ၃၅ဦးတို့ကို သုတေသနပြု လေ့လာခဲ့ရာ ၎င်းတို့သည် ကင်ဆာရောဂါနှင့် ဆက်စပ်သောရောဂါဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိခဲ့ရသည်။

ဖျက်ဆီး

မြင်းခွာရွက်တွင် သံဓာတ်၊ ကယ်လ်ဆီယမ်နှင့် ဗီတာမင်စီဓာတ်များ အပြည့်အဝပါဝင်ကြောင်း၊ အရွယ်အစားသေးငယ်သော မြင်းခွာရွက်များက ကင်ဆာဆဲလ်များကို ပိုမိုဖျက်ဆီးပစ်နိုင်စွမ်းရှိကြောင်း၊ ကင်ဆာတိုက်ဖျက်နိုင်သည့်ဆေးဝါးဖြစ်ကြောင်းသိရသည်။

အချိန်ရယ်၊ အခြေအနေရယ်၊ အပြောင်းအလဲရယ်

ဦးဆွေ(ဗဟန်း)

အချိန်နှင့်ပတ်သက်လျှင် သင်ခန်းစာယူစရာ အတော်များများကို တွေ့ရသည်။ ဖြတ်သန်းခဲ့ရသည့် ကာလများ၌ အချိန်ကိုစောင့်ရသည်လည်းရှိသည်။ အမီလိုက်ရသည်လည်းရှိသည်။ ပြတ်သားတာတစ်ခုကတော့ အချိန်ဘက်က ဘယ်တော့မှ မစောင့်ခဲ့သလို ဖြတ်သန်းပြီးအချိန်တွေကိုလည်း ဘယ်သောအခါတွင်မှ ပြန်မပေးတော့ခြင်းပင် ဖြစ်သည်။ အချိန်တွေကို ဖြတ်သန်းရသည်နှင့်အမျှ ပြောင်းလဲမှုဆိုတာတွေကလည်း မဖြစ်မနေ ဖြစ်ပေါ်ရသည်။ ဦးစွာမိမိကိုယ်ကိုပဲဆန်းစစ်ကြည့်ပါဦး။ အရှိမမြဲသော သတ္တလောကအတွင်း သက်ရှိသတ္တဝါတိုင်း သေခြင်းတရားဆိုသည်ကို မလွဲမသွေ တစ်နေ့ ရင်ဆိုင်ကြုံတွေ့ကြရမည်သာ ဖြစ်သည်။ သေခြင်းဆိုသည်အား လောကဓာတ်ပညာက ခန္ဓာကိုယ်ရှိဆဲလ်များ အသစ်တစ်ဖန် ပြန်လည်ဖြစ်ပေါ်မလာနိုင်တော့ခြင်း(no more cells recycling)ဟု အဓိပ္ပာယ်ဖွင့်သည်။ သို့ဆိုလျှင် မသေမီကာလအတွင်း ခန္ဓာကိုယ်တစ်ခု၌ ဆဲလ်များအသစ်တစ်ဖန် ပြန်ပြန်ဖြစ်ပေါ်နေရသည့်သဘောရှိသည်။ အချိန်နှင့်အမျှဖြစ်ပေါ်လာသော ဆဲလ်အသစ်များကြောင့် ခန္ဓာကိုယ်မှာလည်း အမြဲပြောင်းလဲနေပါလိမ့်မည်။

ယင်းသို့သော ပြောင်းလဲမှုများကို အချိန်တိုအတွင်း သုံးသပ်တွေ့မြင်ခြင်း မရှိနိုင်သော်လည်း တစ်စက္ကန့်၊ တစ်နာရီ၊ တစ်ရက်၊ တစ်လမှသည် နှစ်များစွာ ဖြတ်သန်းပြီးသောအခါ သိသာထင်ရှားသော ပြောင်းလဲမှုတွေကို တွေ့ရှိရပါလိမ့်မည်။ မိမိကိုယ်ခန္ဓာ၏ ရုပ်ပိုင်းရော၊ စိတ်ပိုင်းပါ နှစ်ခုစလုံး အချိန်နှင့်အမျှ ပြောင်းကို ပြောင်းလဲနေမည်သာဖြစ်သည်။ အမှန်အတိုင်းဆိုရလျှင် စိတ်ရောကိုယ်ပါ ပြောင်းလဲမှုအားလုံးကို ချက်ချင်းလက်ငင်း ပြီးပြည့်စုံသော အကောင်းတွေချည်းသာ ဖြစ်စေချင်သည်။ သို့သော် ဖြစ်ချင်တိုင်း မဖြစ်တတ်သော လောကနိယာမတရားကိုလည်း နှလုံးသွင်းရပါဦးမည်။ တစ်နည်းအားဖြင့် ပြီးပြည့်စုံသည့် ကောင်းသော ပြောင်းလဲခြင်းမျိုးကို ရာနှုန်းပြည့်ဖြစ်လာရန် မိမိကိုယ်၌ပင် အစိုးမရဆိုသော သဘောပင်ဖြစ်သည်။

အချိန်တွေကိုဖြတ်သန်းရင်း လူတစ်ဦးတစ်ယောက်မှ မိသားစု၊ မိသားစုတွေပေါင်းတော့ ဆွေမျိုးစု၊ ဆွေမျိုးစုတွေပေါင်းပြီး လူမျိုးစုဆိုတာတွေ ဖြစ်လာသည်။ ထိုထိုသော လူမျိုးစုများ၊ သူတို့ စုပေါင်းနေထိုင်ရာ နယ်နိမိတ်၊ အုပ်ချုပ်သူအစိုးရ၊ အချုပ်အခြာအာဏာတွေကို စုပေါင်းပြီး နိုင်ငံဆိုတာ ဖြစ်လာသည်။ အမှန်တွင်တော့ နိုင်ငံဆိုသည်မှာ လူတွေအပေါ်သာ အခြေခံ၍ အမည်တွေ၊ နေရာတွေ၊ ဒေသတွေ ပေါ်ပေါက်လာရခြင်းဖြစ်သဖြင့် နိုင်ငံသားလူတစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းတွေကို စုစည်းထားခြင်းသာ ဖြစ်ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ ဒီတော့ ပြောင်းလဲဖြစ်ပေါ်နေသော လူတွေ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းတွေအတွက် လူတွေနှင့်ဆက်စပ်နေသော ကျန်ရှိသည့် အရာအားလုံးသည်လည်း ပြောင်းလဲနေရမည်မှာ အထူးလက်သင့်ခံကြရမည့် အကြောင်းအချက် တစ်ရပ်ပင်ဖြစ်သည်။ ပြောင်းလဲမှုတိုင်း ကောင်းဖို့၊ တိုးတက်ဖို့ လူတွေက ရှာဖွေကြသည်၊ ကြံဆကြသည်။ ထိုအခါ အရာရာတိုင်း အမျိုးမျိုးပြောင်းလဲ ဖြစ်ပေါ်ရပြန်သည်။ သို့သော်လည်း လူတစ်ဦးတစ်ယောက်အတွက် ပြီးပြည့်စုံသည့် ကောင်းသောပြောင်းလဲခြင်းကိုပင် ဖြစ်ပေါ်ရန် အစိုးမရနိုင်ရကာ လူများစွာအတွက် ပြီးပြည့်စုံသည့် ကောင်းသော ပြောင်းလဲခြင်းမျိုးကို ချက်ချင်းရရှိဖို့ရာဆိုသည်မှာ လွန်စွာခက်ခဲလှမည်ကို သတိချပ်မိကြသင့်ပါသည်။

ဥပမာအားဖြင့် ကမ္ဘာ့နံပါတ်တစ်ဖြစ်သော အမေရိကန်နိုင်ငံ၏ လွန်ခဲ့သော နှစ်(၂၀)မှ မျက်မှောက်အချိန်အထိ အခြေအနေများကိုပဲ လေ့လာကြည့်ပါစို့။ ထိုကာလအတောအတွင်း ကမ္ဘာကစံပြုထားသည်ဆိုသည့် ဒီမိုကရေစီစနစ်နှင့် ဖွဲ့စည်းပုံဥပဒေအရ သမ္မတနှင့်အစိုးရ လေးကြိမ် ပြောင်းလဲအုပ်ချုပ်ခဲ့သည်။ ယနေ့အမေရိကန်ပြည်ထောင်စုမှာ ငွေကြေးအကျပ်အတည်းနှင့် စီးပွားပျက်ကပ် ကျရောက်နေသည်။ မပြီးဆုံးသေးသော စစ်မျက်နှာနှစ်ခုက စစ်ပွဲတွေကို ရင်ဆိုင်နေရသည်။ ကမ္ဘာ့နိုင်ငံအများစု၏ အလိုမကျလာမှုများကိုလည်း တိုး၍တိုး၍ ခံနေရသည်။ အမေရိကန်ပြည်သူလူထုအနေဖြင့် လွန်ခဲ့သော နှစ်များစွာကတည်းက အကောင်းဆုံးသော ပြောင်းလဲမှုတွေကို မျှော်လင့်ပြီး ပြောင်းလဲရွေးချယ် ဆန္ဒပြုခဲ့ကြသော်လည်း အမှန်တကယ်တွင် ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲမှုမျိုး ဖြစ်မလာသေးသည်ကိုတော့ မျက်ဝါးထင်ထင် တွေ့မြင်ကြရမည်ဖြစ်သည်။ အိမ်နီးချင်း ထိုင်းနိုင်ငံဆိုလျှင် ပြီးခဲ့သည့် နှစ်(၂၀)အတွင်း၌ အပြောင်းအလဲတွေ များလှသည်။ စစ်တပ်က သုံးကြိမ်ခန့် အာဏာသိမ်းခဲ့ရပြီး ဝန်ကြီးချုပ်နှင့်အစိုးရတွေ များစွာ ပြောင်းလဲခဲ့သည်။ ပြီးခဲ့သည့်နှစ်အတွင်းက ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တွေ ဟောတစ်ယောက်၊ ဟောတစ်ယောက် ပြောင်းလိုက်သည့် အပြောင်းအလဲတွေမှာ အံ့သြကုန်နိုင်ဖွယ် ဖြစ်ခဲ့ရသည်။ အစိုးရတစ်ရပ် ရွေးချယ်ရန် လူတန်းစားနှစ်ခု ကွဲသည်အထိ ဖြစ်ပျက်ခဲ့ရသောဖြစ်စဉ်မှာ ထိုင်းနိုင်ငံအတွက် အလွန်ပင် အန္တရာယ်ကြီးလှသော ဖြစ်ရပ်တစ်ခု ဖြစ်သည်။ ထိုင်းပြည်သူလူထုအနေဖြင့် ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲခြင်းမျိုးကိုသာ အလိုရှိဆန္ဒပြုခဲ့ကြသည်မှန်သော်လည်း အမှန်တကယ် ဖြစ်ပေါ်ပြောင်းလဲလာသော လက်တွေ့အခြေအနေများကမူ သံဝေဂရစရာ ကောင်းလှသည်။

ယနေ့ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုတစ်ရပ်လုံးက ပြောင်းလဲမှုကို အထူးလိုလားနေကြသည်။ မှန်၊ မမှန် ဆန်းစစ်လိုလျှင် ၂၀၀၈ခုနှစ် မေလနှင့် ဇွန်လအတွင်း ပြုလုပ်ခဲ့သော ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ၉၂ဒသမ ၄၈ ရာခိုင်နှုန်းအထိ ထောက်ခံမဲပေးကြခြင်းက သက်သေပြနေပါသည်။ အစိုးရအနေဖြင့်ကလည်း ပြောင်းလဲပေးဖို့အတွက် အစီအမံတွေကို အချိန်ကာလကစ၍ အတိအကျ သေချာစွာ သတ်မှတ်ကြေညာထားပြီး ဖြစ်သည်။ ၂၀၁၀ပြည့်နှစ်သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် ကိုယ်တိုင်ဆန္ဒပြုရွေးကောက်တင်မြှောက်သည့် အစိုးရသစ်တစ်ရပ်နှင့် အုပ်ချုပ်ရေးစနစ်သို့ အမှန်တကယ် ပြောင်းလဲသွားတော့မည် ဖြစ်သည်။ ဒီအတွက် တပ်မတော်အစိုးရကိုယ်တိုင်က အပြောင်းအလဲလုပ်မည်ဖြစ်ကြောင်း ခံဝန်ထားသည့်အပြင် ယင်းအပြောင်းအလဲအတွက် ကိုယ်တိုင်ကိုယ်ကျ စီမံကွပ်ကဲ လမ်းခင်းပေးထားခြင်းလည်းဖြစ်သည်။ သို့ဖြစ်၍ သူ့အစီအမံ၊ သူ့ကွပ်ကဲမှုတွေကတော့ ထိုက်သင့်သလောက် ပါရှိလိမ့်မည်သာ ဖြစ်သည်။ သို့သော်လည်း အချို့က ယခုကဲ့သို့ပြောင်းလဲရန် စီမံပေးခြင်းသည် ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲခြင်းမဟုတ်သဖြင့် လက်မခံဘဲ ငြင်းဆန်ကြရန်သာ တွင်တွင်အော်ဟစ်နေကြသည်။ စင်စစ်တွင်မူ ဒီမိုကရေစီစနစ်နှင့် အသားကျပြီးသော နိုင်ငံကြီးများ၌ပင် ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲမှုဆိုသည်မှာ တစ်ကြိမ်တည်း၊ တစ်ခါတည်းနှင့် မည်သည့်အခါကမှ မရရှိနိုင်ခဲ့ကြောင်းကို တွေ့မြင်ခဲ့ကြရပြီး ဖြစ်ပါသည်။

ယခုအခြေအနေအတွက် အရာရာကို အနုတ်သဘောဆောင်သော လူတစ်စု၏ အဖျက်စိတ်ကို စိတ်ပျက်မိသည်။ ကြိုတင်သတ်မှတ်ချက်များ မပါရှိသည့် တွေ့ဆုံဆွေးနွေးစေ့စပ်ရေးဆိုသည့် ဆန္ဒသဘောထားများသည် ပကတိအခြေအနေနှင့် လုံးဝလက်တွေ့မကျကြောင်းကိုလည်း သဘောပေါက်မိသည်။ ဒုတိယကမ္ဘာစစ်ပြီးခါနီး စစ်ရှုံးတော့မည့် ဂျပန်နိုင်ငံ၏ အခြေအနေမျိုးကိုလည်း သတိရမိသည်။ ဟီရိုရှီးမားနှင့် နာဂါစကီး၌ အပြစ်မဲ့ ဂျပန်ပြည်သူများ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခဲ့ရသည့် ထိုစဉ်က ပကတိအခြေအနေသည် အရှုံးကို မည်သည့်အခါမျှ လက်မခံလိုသော အသေခံစိတ်ဓာတ်နှင့် ဂျပန်ဘုရင် ဟီရိုဟီတိုကို အကောင်းဆုံးသော သမိုင်းအဖြေ ဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘာတွင် ဂျပန်ဟူသော နိုင်ငံနှင့်လူမျိုး၏သမိုင်းကြောင်း ကောင်းနိုင်စေရေးအတွက် မဟာမိတ်အုပ်စုကို အလျှော့ပေး၍ ရန်သူနှင့်အတူအိပ်စက်ရမည့် ဆုံးဖြတ်ချက်ကို ချနိုင်ခဲ့ခြင်းက ယင်းမှ နှစ်ပေါင်း(၆၀)ကျော်အကြာတွင် စစ်ရေး၊ စီးပွားရေး တောင့်တင်းသော နိုင်ငံနှင့်လူမျိုးအဖြစ် ပြန်လည်ရပ်တည်စေနိုင်ခဲ့သည်။ ၁၉၄၅ခုနှစ် စစ်ရှုံး၍ မဟာမိတ်အုပ်စုထံ အလျှော့ပေးစဉ်က လိုက်နာချုပ်ဆိုခဲ့ရသော ဒီမိုကရေစီသဘော သက်ဝင်သည့် အခြေခံဥပဒေစာချုပ်ပါ အကြောင်းအရာ အချက်အလက်များသည်လည်း တဖြည်းဖြည်းချင်း မေးမှိန်ပျောက်ကွယ်သွားခဲ့သည်။ အဓိကအားဖြင့် စီးပွားရေး၌ ကမ္ဘာ့စက်မှုထိပ်သီးအဖွဲ့ဝင်နိုင်ငံမျိုး ဖြစ်လာခဲ့သည်သာမက မိမိကိုယ်ကို ကာကွယ်ရန်အတွက်သာ ဖွဲ့စည်းခွင့်ပေးခဲ့သည့် ဂျပန်တပ်မတော်သည် မျက်မှောက်အချိန်၌ အီရတ်စစ်မြေပြင်မျိုးအထိပင် ခြေလှမ်းချဲ့ သွားရောက်ခဲ့နိုင်ပြီဖြစ်သည်။ ယခုအချိန်တွင် ဟီရိုဟီတို၏ အလျှော့ပေးခဲ့မှုကို မည်သည့်ဂျပန်နိုင်ငံသား တစ်ဦးတစ်ယောက်ကမျှ အပြစ်မမြင်သည့်အပြင် အမြော်အမြင်ကြီးမှုအတွက် ရိုသေလေးစား ချစ်ခင်နေကြမည်သာတည်း။

လက်ရှိကျွန်တော်တို့မြန်မာနိုင်ငံအခြေအနေမှာ စစ်မက်ဖြစ်ပွားနေသည်လည်းမဟုတ်၊ တစ်ဖက်နှင့်တစ်ဖက် ရန်သူတွေလည်းမဟုတ်။ နိုင်ငံတော်ကို အနာဂတ်၌ အကောင်းဆုံးဖွံ့ဖြိုးတိုးတက်လာစေရန် ပြောင်းလဲဆောင်ရွက်ကြရေးအတွက် လမ်းခင်းတည်ဆောက်ရန် အငြင်းပွားနေကြခြင်းသာ ဖြစ်၏။ တစ်ခုတည်းသော တူညီသည့်ရည်ရွယ်ချက်အပေါ်အခြေခံ၍ ပူးပေါင်းလိုက်ပါ ဆောင်ရွက်ကြရုံသာဖြစ်၏။ ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးများပင်လျှင် အသစ်ဘယ်လောက်ကောင်းကောင်း အဟောင်းကိုသာ ကျောရိုးအဖြစ် အခြေခံကာ တဖြည်းဖြည်းချင်း ပြောင်းလဲဆောင်ရွက်မှုမျိုးကို လုပ်ဆောင်ကြရခြင်းဖြစ်ပါ၏။ ဒုတိယကမ္ဘာစစ် ဂျာမနီစစ်ရှုံးပြီးစဉ်က မဟာမိတ်တို့အနေဖြင့် ဂျာမနီနိုင်ငံ ပြန်လည်ထူထောင်ရေး အစိုးရတစ်ရပ်ဖွဲ့စည်းရာတွင် ယခင်စစ်ရှုံး အစိုးရဟောင်းနှင့် နာဇီပါတီမှ ပုဂ္ဂိုလ်များအား ထည့်သွင်းဖွဲ့စည်းရန် သင့်မသင့် အချေအတင် ဆွေးနွေးကြပြီး နောက်ဆုံး ထည့်သွင်း ဖွဲ့စည်းပေးခဲ့ရသည်သာဖြစ်၏။ အီရတ်တွင် အမေရိကန်တို့ စစ်နိုင်သည့်အခါ ဘာ့သ်ပါတီနှင့် အီရတ်တပ်မတော်အား ဖျက်သိမ်းရန် သင့်မသင့် အချေအတင် ဆွေးနွေးကြပြီး ဖျက်သိမ်းလိုက်သောအခါ နိုင်ငံပြုပြင်ပြောင်းလဲရေးမှာ ဆယ်စုနှစ်တစ်ဝက်ကျော်ရောက်လာသည်အထိ သွေးချောင်းစီးနေရဆဲသာ ဖြစ်၏။ ယင်းအခြေအနေတို့သည် နိုင်ငံတစ်နိုင်ငံ၏ အကောင်းဆုံးသော အပြောင်းအလဲကိုဖြစ်ပေါ်လာစေရန်အတွက် မည်သို့အခြေခံ ဆောင်ရွက်သင့်သည်ကို တွေ့မြင်နိုင်သော ဥပမာ၊ ဥပမေယျ အကျဉ်းလေးများမျှသာ ဖြစ်ပါသည်။

လူတို့သည် ပင်ကိုသဘောသဘာဝအရပင် အပြောင်းအလဲများကို နှစ်သက်ပါသည်။ အပြောင်းအလဲများ ဖြစ်ပေါ်အောင်လည်း တစ်ကိုယ်ရေအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော် လည်းကောင်း ဆောင်ရွက်တတ်လေ့ ရှိကြပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲခြင်းမျိုးကိုသာ မျှော်လင့်ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ သို့သော်လည်း ပကတိအခြေအနေ အရှိတရားနှင့် အချိန်အပေါ် အဓိကအခြေခံဆောင်ရွက်ရန် အထူးလိုအပ်ပါလိမ့်မည်။ စင်စစ်တွင်မူ ပြီးပြည့်စုံသည့် အကောင်းဆုံးသော ပြောင်းလဲခြင်းမျိုး ဖြစ်နိုင်ဖို့အတွက် မိမိကိုယ်ကိုနှိုက်ပင် ချက်ချင်းဖြစ်လာရန် ခဲယဉ်းလှသည်။ ဦးစွာအားဖြင့် မိမိကိုယ်ကို မှန်ရှေ့တွင်ရပ်၍ သုံးသပ်ကြည့်ပါ။ ပြီးခဲ့သည့်နှစ်များအတွင်း မိမိ ပြောင်းလဲဖြစ်ပေါ်လိုသော အပြောင်းအလဲ အားလုံး မိမိရုပ်ခန္ဓာတွင်လည်းကောင်း၊ စိတ်အဇ္ဈတ္တတွင်လည်းကောင်းပြောင်းလဲဖြစ်ပေါ်ခဲ့ပါသလားမြင်တွေးကြည့်ပါ။ **ပကတိအရှိတရားနှင့်ပြောင်းလဲဖြစ်ပေါ်လိုသော အပြောင်းအလဲများ အကောင်းဆုံး မည်မျှအပြည့်အဝရရှိခဲ့သည်ကို ချင့်ချိန်ကြည့်ပါ။ မည်သို့သောအခါတွင်မှ မိမိကိုယ်ကို ပြီးပြည့်စုံသည့် အကောင်းဆုံးသော အပြောင်းအလဲကို ရရှိထားသည်ဟု တွေးထင်နိုင်လိမ့်မည် မဟုတ်ကြပါ။ တစ်ကိုယ်ရေ၌ပင် ခက်ခဲသော ပြီးပြည့်စုံသည့် အပြောင်းအလဲကို လူသန်းပေါင်းများစွာ တည်ရှိသော နိုင်ငံတစ်ခုတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း မည်သို့သောအခါတွင်မျှ မရရှိနိုင်သေးကြောင်း ယုံကြည်လက်ခံကြစေချင်သည်။ ပကတိအခြေအနေနှင့် အရှိတရားပေါ် မူတည်၍ အချိန်အခါအလိုက် ပြောင်းလဲနိုင်သော အပြောင်းအလဲမှတစ်ဆင့် ပြီးပြည့်စုံသည့် အကောင်းဆုံးသော အပြောင်းအလဲမျိုး တဖြည်းဖြည်းချင်း ရရှိလာအောင် ဆောင်ရွက်သွားကြဖို့သာ ရှိမည်ဖြစ်သည်။ အထူးသတိချပ်မိကြရန်မှာ ယခုကဲ့သို့ အချိန်၊ အခြေအနေနှင့်အပြောင်းအလဲအား လက်လွတ်မိခဲ့ပါက အလားတူဖြစ်စဉ်မျိုးကို နောင်ဘယ်သောအခါတွင်မှ ပြန်လည်မရရှိနိုင်တော့ခြင်းပင် ဖြစ်ပေတော့သည်။** ။

ဒီမိုကရေစီစနစ်နှင့် အသားကျပြီးသော နိုင်ငံကြီးများ၌ပင် ပြီးပြည့်စုံသည့်အကောင်းဆုံးသော ပြောင်းလဲမှုဆိုသည်မှာ တစ်ကြိမ်တည်း၊ တစ်ခါတည်းနှင့် မည်သည့်အခါကမှ မရရှိနိုင်ခဲ့ကြောင်းကို တွေ့မြင်ခဲ့ကြရပြီး ဖြစ်၏။

မြန်မာနိုင်ငံအခြေအနေမှာ စစ်မက်ဖြစ်ပွားနေသည်လည်း မဟုတ်၊ တစ်ဖက်နှင့်တစ်ဖက် ရန်သူတွေလည်းမဟုတ်။ နိုင်ငံတော်ကို အနာဂတ်၌ အကောင်းဆုံး ဖွံ့ဖြိုးတိုးတက်လာစေရန် ပြောင်းလဲ ဆောင်ရွက်ကြရေးအတွက် လမ်းခင်းတည်ဆောက်ရန် အငြင်းပွား နေကြခြင်းသာဖြစ်၏။ တစ်ခုတည်းသော တူညီသည့်ရည်ရွယ်ချက် အပေါ် အခြေခံ၍ ပူးပေါင်းလိုက်ပါ ဆောင်ရွက်ကြရုံသာဖြစ်၏။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

■ *ကျောဖုံးမှ*

စွမ်းဆောင်ရည်

ထိုသို့ အိုင်တီနည်းပညာသုံး ထုတ်ကုန်ပစ္စည်းများအနက် လူတိုင်းအတွက် လက်ကိုင်ကွန်ပျူတာ အဘိဓာန်တစ်ခု သို့မဟုတ် အဘိဓာန်ကြည့်ရှုနိုင်သော စက်တစ်လုံးထက် သာလွန်သည့် စွမ်းဆောင်ရည်များ ပါဝင်သည့် DEFINED:e Device ကို Technomation Studios က မိတ်ဆက်ပွဲ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲ ၂နာရီက ကျင်းပခဲ့သည်။

ထို့ကြောင့် မြန်မာ့အလင်း သတင်းအဖွဲ့က DEFINED:e နှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးဖြစ်သည့် A&T မှ ဥက္ကဋ္ဌဖြစ်သူ ဦးခင်အောင်မြင့်ကို မေးမြန်းရာ "DEFINED:e ဆိုတာ ကွန်ပျူတာလိုပါ အသုံးပြုလို့ရတဲ့ အီလက်ထရွန်နစ် အဘိဓာန်တစ်မျိုးဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ နည်းပညာတွေကြောင့် သာမန် အီလက်ထရွန်နစ် အဘိဓာန်တစ်ခု အနေအထားထက် ကွန်ပျူတာတစ်လုံးလို အသုံးပြုလို့ရအောင် တီထွင်လုပ်ဆောင်ထားတာပါ။ ဒါကိုထုတ်လုပ်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျောင်းသားတွေအတွက် သင်ခန်းစာအထောက်အကူပြု အိတ်ဆောင်ကွန်ပျူတာအဖြစ် အသုံးပြုစေနိုင်မှာဖြစ်သလို စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရရုံးဝန်ထမ်းများနဲ့ ကုမ္ပဏီဝန်ထမ်းတွေအတွက် လုပ်ငန်းအထောက်အကူပြု လက်ကိုင်ကွန်ပျူတာတစ်လုံး အနေနဲ့ အသုံးပြုနိုင်အောင် စီစဉ်ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ပူးပေါင်းထုတ်လုပ်

DEFINED:e ကို ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ ဦးစီးဌာနနှင့် A&T International Co.,Ltd. တို့ ပူးပေါင်းထုတ်လုပ်ခြင်းဖြစ်ပြီး လက်တွေ့ဆောင်ရွက်ခြင်းကို Technomation Studios က ပြုလုပ်ခြင်းဖြစ်သည်။

"DEFINED:e ကို နယ်ပယ်အသီးသီးမှာ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အသုံးပြုနိုင်ပြီး ပီဒီအေ တစ်လုံးရဲ့ စွမ်းဆောင်ရည်အတိုင်း အသုံးပြုသူရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ပညာရှာမှီးသူတွေအတွက် အဘိဓာန်ပေါင်းစုံမှ အဓိပ္ပာယ် ရှင်းလင်းချက်များကို လွယ်ကူစွာ ရှာဖွေကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ စကားလုံးတစ်လုံးကို စက္ကန့်ပိုင်းအတွင်း အမြန်ရှာဖွေပေးနိုင်တဲ့အပြင် စာလုံးအရွယ်အစားတွေကို ချိန်ညှိပေးနိုင်ပြီး အင်္ဂလိပ် အသံထွက်စနစ်ပါ ထည့်သွင်းထားပါတယ်"ဟု ဦးခင်အောင်မြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"လက်ကိုင် ကွန်ပျူတာတစ်လုံး အနေနဲ့ အသုံးပြုနိုင်အောင် တီထွင် ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်"
ဦးခင်အောင်မြင့်
ဥက္ကဋ္ဌ
A&T

စတင်ရောင်းချ

DEFINED:e ကို လာမည့် မတ် ၁ရက်မှစတင်ကာ မန္တလေးမြို့ မြို့တော်ခန်းမတွင် ပြုလုပ်မည့် ကွန်ပျူတာပြပွဲ၌ စတင်ရောင်းချပေးသွားမည် ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ စာသင်ကျောင်းများအတွက် အထူးအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး အထူးနှုန်း အထူးအစီအစဉ်များဖြင့် ဖြန့်ဖြူးပေးမည် ဖြစ်သည်။

ထို့နောက် Technomation Studios မှ အမှုဆောင်အရာရှိချုပ် ကိုထူးမြင့်နောင်က "DEFINED:e မှာ ၁ ဒသမ ၃ က Mega Pixels ရှိတဲ့ ကင်မရာလည်း ပါရှိလို့ လမ်းသွားရင်း အပျော်တမ်းဓာတ်ပုံ ရိုက်ကူးနိုင်ပါတယ်၊ သီချင်းနဲ့ ဗီဒီယိုတွေ ကြည့်ရှုနိုင်သလို တေးဂီတလည်း နားထောင်နိုင်ပါတယ်။ မှတ်စုတိုများ၊ အသံ မှတ်တမ်း ဖမ်းယူနိုင်သော စနစ်များပါရှိပြီး Device တစ်ခုလုံးကို မြန်မာဘာသာနဲ့ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်"ဟု ကိုထူးမြင့်နောင်က ရှင်းပြသည်။

စီဒီထည့်ပေး

DEFINED:e ကို သုံးစွဲသူများအနေဖြင့် အာမခံကာလ တစ်နှစ်ပေးထားသည်။ ဆော့ဖ်ဝဲပိုင်းတွင် အသုံးပြုသူများ၏ လုပ်ဆောင်ချက်ကြောင့် ချွတ်ယွင်းခဲ့လျှင် ပရိုဂရမ်များ မှားယွင်းစွာဖျက်မိ၍ ဖြစ်စေ တစ်ခုခုချွတ်ယွင်းခဲ့လျှင် သုံးစွဲသူကိုယ်တိုင် ပြန်ပြင်နိုင်အောင် Revocer စီဒီထည့်ပေးထားသည်။

"DEFINED:e တစ်ခုလုံးရဲ့ စာရိုက်စနစ်ကတော့ လက်ရေးကိုအခြေခံတဲ့ Hand-Writingစနစ်ဖြစ်လို့ မြန်မာစာရော အင်္ဂလိပ်စာကိုပါ လက်ကွက်

"Device တစ်ခုလုံးကို မြန်မာဘာသာနဲ့ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်"
ကိုထူးမြင့်နောင်
အမှုဆောင်အရာရှိချုပ်

သိစရာမလိုဘဲ လွယ်ကူစွာ ရေးသားနိုင်ပါတယ်။ လက်ကွက်နဲ့ ရိုက်ချင်သူတွေအတွက်လည်း On Screen board ကို ထည့်သွင်းထားပါတယ်။ DEFINED:e device ရဲ့ အချက်အလက်တွေကို သိမ်းဆည်းတာ ပြင်ဆင်တာ၊ ကွန်ပျူတာနဲ့ ချိတ်ဆက်တာတွေကို လွယ်ကူစွာဆောင်ရွက်ပေးနိုင်တဲ့ ဆော့ဖ်ဝဲတစ်ခုလည်း ထည့်ပေးထားပါတယ်"ဟု ကိုထူးမြင့်နောင်က မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ကွန်ပျူတာတစ်လုံးကဲ့သို့ လုပ်ဆောင်ချက်စုံလင်လှပြီး သွားလေရာ သယ်ဆောင်အသုံးပြုနိုင်သည့်အပြင် ဝန်ဆောင်မှုအများအပြားပေးနိုင်သော DEFINED:e ကို မြန်မာအိုင်တီပညာရှင် လူငယ်များက တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

အားအင်နည်းပါးတယ်လို့ ဆိုရပါလိမ့်မယ်။ ပြီးတော့ တစ်သင်းတည်းသော ဂရိကလပ် ပါနာသီနာကော့စ်လဲ အခုအဆင့်ကို ရောက်လာပါသေးတယ်။

အထက်မှာ ပြောခဲ့သလိုပဲ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များကို တက်လာတဲ့ အသင်းပေါင်း (၁၆)သင်းကို သက်ဆိုင်ရာက နီယွန်မြို့မှာ မဲခွဲပြီးယှဉ်ပြိုင်ဖို့ တွဲပေးလိုက်တဲ့အခါ အောက်ပါအတိုင်း ကလပ်တွေကစားဖို့ ဖြစ်လာပါတယ်။ စိတ်ဝင်စားဖို့လဲ ကောင်းတာတွေ့ရပါတယ်။

အင်တာမီလန်(အီတလီ)	-	**မန်ယူ(အင်္ဂလန်)**
အာဆင်နယ်(အင်္ဂလန်)	-	**ရိုးမား(အီတလီ)**
လိုင်ယွန်(ပြင်သစ်)	-	**ဘာစီလိုနာ(စပိန်)**
အက်သလက်တီကို(စပိန်)	-	**ပေါ်တို(ပေါ်တူဂီ)**
ချယ်လ်ဆီး(အင်္ဂလန်)	-	**ဂျူဗင်းတပ်စ်(အီတလီ)**
ရီးရဲလ်မက်ဒရစ်(စပိန်)	-	**လီဗာပူး(အင်္ဂလန်)**
စပို့တင်းလစ္စဘွန်း(ပေါ်တူဂီ)	-	**ဘိုင်ယန်မြူးနစ်(ဂျာမနီ)**
ဗီလာရီးရဲ(စပိန်)	-	**ပါနာသီနာကော့စ်(ဂရိ)**

မဲခွဲအပြီးမှာတော့ ပွဲကျပ်တာက အင်္ဂလန်ကလပ်တွေပါလို့ မပြောဘဲနဲ့ မဲခွဲပြီးတွဲတဲ့အသင်းတွေကို ကြည့်ရုံနဲ့သိသာပါတယ်။ အင်္ဂလန်ကလပ်တွေဟာ အီတလီကလပ်တွေနဲ့ ကစားရဖို့ဖြစ်လာပြီး လီဗာပူးတစ်သင်းတည်းသာ စပိန်ကလပ် ရီးယဲလ်နဲ့ကစားဖို့ ဖြစ်လာပါတယ်။ နောက်ဆုံး ၁၀နှစ်အတွင်းမှာ ဖိုလ်လုပွဲကို အင်္ဂလန်ကလပ်တွေ တက်ရောက်ခဲ့တာဟာ ငါးကြိမ်ရှိတယ်။ အဲဒီအထဲမှာ အင်္ဂလန်ကလပ်တွေ ဖိုလ်စွဲခဲ့တာက ၁၉၉၉ မှာ မန်ယူ၊ ၂၀၀၅ မှာက လီဗာပူး၊ ၂၀၀၈ မှာက မန်ယူ ဖိုလ်စွဲတာနဲ့ ဆို သုံးကြိမ်ရှိပါတယ်။ ဒီနှစ်တော့ အင်္ဂလန်ကလပ်တွေအနေနဲ့ ဘယ်အဆင့်ထိ ရောက်မလဲဆိုတာ စိတ်ဝင်စားစရာပါ။

အင်္ဂလန်ကလပ်တွေရဲ့ ပြိုင်ဘက်တွေဖြစ်တဲ့ အီတလီကလပ်တွေကျတော့ နောက်ဆုံး ၁၀နှစ်မှာ အကြိုဖိုလ်လုပွဲရောက်တာ ငါးကြိမ်ရှိတယ်။ ဖိုလ်စွဲတာက နှစ်ကြိမ်ပဲ ရှိတယ်။ အဲဒါက ၂၀၀၂-၂၀၀၃ မှာ မီလန်က ဂျူဗင်းတပ်စ်ကို အနိုင်ရခဲ့တာနဲ့ ၂၀၀၆-၂၀၀၇ မှာ လီဗာပူးကို မီလန်နိုင်ခဲ့တာတွေပဲ ဖြစ်တယ်။ ကျန်တဲ့နှစ်တွေမှာတော့ ဖိုလ်လုပွဲရောက်ပြီးမှ ရှုံးခဲ့တာတွေ အပါအဝင် ချန်ပီယံမဖြစ်ခဲ့ရှာပါဘူး။ အခုတော့ ရိုးမား၊ အင်တာနဲ့ ဂျူဗင်းတပ်စ်တို့ဟာ ဘယ်လိုအခြေအနေရှိနေမလဲဆိုတာ ကြည့်ရပါလိမ့်မယ်။ အင်တာကလည်းပဲ မော်ရင်ဟိုလက်ထက်မှာ တော်တော်လေး ခြေစွမ်းထက်နေပြီး အီဘရာဟီမိုဗစ်၊ မိုင်ကွန်၊ ဖီဂို၊ စတန်ကိုဗစ်တို့အပြင် မွန်တာရီကလဲရှိနေသေးတော့ တိုက်စစ်အားက တောင့်ပြီးတော့ ပထမအကျော့မှာ မန်ယူကို အိမ်ကွင်း ဆန်စီရိုမှာ ကစားရမှာဖြစ်လို့ အသာရနေပါသေးတယ်။ မန်ယူမှာလဲ လူစုံပြန်ပါလာတယ်ဆိုပေမယ့် ဗီဒစ်ချ်က ပွဲပယ်ခံထားရတော့ ပါလာမယ် မထင်မိဘူး။ ရွှန်နေ၊ စီရိုနယ်ဒိုတို့ရဲ့ အားကိုယူပြီး ပရိသတ်တွေ မျက်နှာမပျက်စေရအောင် ကစားရမှာပါ။ မန်ယူဟာ နောက်ဆုံး ၁၀နှစ်အတွင်းမှာ အီတလီကလပ်တွေနဲ့ ဆုံခဲ့တိုင်း သိပ်ပြီးအရှုံးမရှိခဲ့သလို အသာရခဲ့တာချည်းပါပဲ။ အင်တာလည်းပဲ မန်ယူလိုအသင်းမျိုးကို သတိထားကစားရမှာ ဖြစ်နေသလို လျှော့တွက်လို့လဲ မရပါဘူး။ မန်ယူလဲ မထင်ရင် မထင်သလို ပြဿနာပေးနိုင်တဲ့အသင်းပါ။ ရာသီဝက်ပြင်ဆင်မှုကို နှစ်သင်းစလုံး မည်မည်ရရမလုပ်ထားကြပေမယ့် ဒီအသင်းတွေရဲ့ လုပ်အားနှုန်းက အရှိန်ရနေကြပြီလဲ ဖြစ်ပါတယ်။ လက်ရှိချန်ပီယံ မန်ယူဟာ လက်ထဲကဖလားတစ်လုံးမဆုံးရှုံးရဖို့ ခြေကုန်ထုတ်ပြဖို့ ရှိနေတာလဲတွေ့ရမှာပါ။ မနှစ်က ချန်ပီယံလိဂ်အကြိုဖိုလ်လုပွဲမှာ မန်ယူကဘာစီလိုနာကိုအဝေးကွင်းမှာ ၀-၀ သရေရအောင် ကစားပြသွားတာ သတိရစေချင်ပါတယ်။ ဒါမျိုးမဖြစ်ဘူးလို့ ဘယ်သူပြောရဲသလဲ။ မော်ရင်ဟိုဟာ ဖာဂူဆန်ကို ပရီမီယာလိဂ်မှာဆုံတိုင်း အသာရခဲ့တာက များတယ်၊ ဒီတစ်ခါ အင်တာနည်းပြအနေနဲ့ ဖာဂူဆန်ကို အခက်တွေ့စေဦးမှာလားဆိုတာ စောင့်ကြည့်ရမှာပါ။

ချယ်လ်ဆီး

ချယ်လ်ဆီးကတော့ မနှစ်က ချန်ပီယံလိဂ် ဖိုလ်လုပွဲကို ရောက်ခဲ့ပေမယ့် လွဲချော်မှုတွေကြောင့် မန်ယူလက်ထဲ ဖလားအပ်နှင်းခဲ့ရပေမယ့် စိတ်မပျက်ခဲ့ပါဘူး။ ဂရန့်၊ စကိုလာရီလက်ထဲကနေ ဟစ်ဒင့်လက်ထဲ လေးလတာရောက်ခဲ့တဲ့ ချယ်လ်ဆီးအနေနဲ့ကတော့ အခုချိန်မှာ ရေနီယာရီကိုင်တွယ်နေတဲ့ ဂျူဗင်းတပ်စ်ကို ယှဉ်ဖို့ လွယ်နိုင်ပါ့မလား။ ရေနီယာရီဟာ တစ်ချိန်က ချယ်လ်ဆီးနည်းပြဟောင်းဖြစ်ခဲ့သလို အင်္ဂလန်အသင်းရဲ့ ကစားဟန်နဲ့ အတွေ့အကြုံတွေကိုပါ သိနေသူပါ။ နည်းပြသစ်လက်ထဲမှာ မတည်ငြိမ်နိုင်တဲ့ ချယ်လ်ဆီးကို အားနည်းချက်ရှာပြီး အဝေးကွင်းမှာ ထိုးနှက်ပြမှာပါ။ ဒါကြောင့် မိန်းမနဲ့ကွဲလို့ စိတ်ညစ်နေတဲ့ လမ်းပတ်၊ နေရာမရလို့ခြေမှန်ပျောက်ဆုံးနေတဲ့ ဒရော့ဘာ၊ နည်းပြ ပြောင်းလဲလွန်းလို့ ဘယ်လိုကစားရမှန်းမသိဘဲ ဖြစ်နေတဲ့ တယ်ရီတို့ဟာ အိမ်ကွင်းမှာ စိတ်ဓာတ်စုစည်းမှုကောင်းတဲ့ ဩဒ့သည်ဂျူဗင်းတပ်စ်ကို အသာရအောင်လုပ်ဖို့ တော်တော်ရုန်းရမှာပါ။ ဂျူဗင်းတပ်စ်ဟာ အသင်းလိုက်ကစားတာလဲ ထက်မြက်ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးဟာ အင်္ဂလိပ်မမိဖို့ကို ရုန်းကန်ရနိုင်ပါတယ်။ ပထမအကျော့မှာဓာတ်လမ်းမဖြတ်နိုင်ရင်တော့ မလွယ်ပါဘူး။ ဒါပေမယ့် ချယ်လ်ဆီးဟာ အိမ်ကွင်းမှာပြီး ခပ်သွက်သွက် ရုန်းတတ်လို့ ပထမအကျော့မှာ အသာရလောက်မှာပါ။

လီဗာပူး

ချယ်လ်ဆီးလို မလွယ်တဲ့ လီဗာပူးကတော့ တိုက်စစ်သန်တဲ့ ရီးရဲလ်ကို ဘယ်လိုရင်ဆိုင်မလဲ။ ဘင်နီတက်ဇ်ကို လိုချင်လှပါချည်ရဲ့ဆိုပြီး စိတ်ဓာတ်စစ်ဆင်ရေးလုပ်ထားလို့ ဘင်နီတက်ဇ်ဟာ စိတ်ပြောင်းသွားမှာလား။ လီဗာပူးမှာလဲပဲ အတွင်းရေးကိစ္စတွေ များပြီး ပြဿနာရှုပ်နေတာကြောင့် ရှင်းနေရဆဲပါပဲ။ ဒါကို ခုတုံးလုပ်ပြီး ရီးရဲလ်ဟာ အိမ်ကွင်းမှာ လီဗာပူးကို ကစားရခက်အောင်လုပ်ရင်း အသာရဖို့ လုပ်မှာပါ။ လီဗာပူးမှာ ဂျရတ်ပါလာဖို့ မသေချာသေးပေမယ့် ဘင်နီတက်ဇ်ကတော့ အရဲစွန့်ပြီး ဂျရတ်တို့ကို ပွဲထုတ်မှာပါ။ ရီးရဲလ်နည်းပြဖြစ်တဲ့ ရာမို့စ်ကလဲ ပရီမီယာလိဂ် အတွေ့အကြုံတွေအရ သူ့အသင်းကို ရော်ဘင်တို့လို ကစားသမားတွေအားနဲ့ လီဗာပူးကို ထိုးဖောက်မှာဆိုတော့ စိတ်ဝင်စားဖို့ကောင်းနေပြီလို့ ဆိုရပါလိမ့်မယ်။

စိန်ခေါ်မှု

ချန်ပီယံလမ်းကြောင်းပေါ်ရောက်အောင် လျှောက်ရမယ့်လမ်းကတော့ ၁၆သင်းစလုံးအတွက် စိန်ခေါ်မှုအပြည့်နဲ့ပါပဲ မှားလို့မရပါဘူး။ ပထမအကျော့၊ ဒုတိယအကျော့ဆိုပေမယ့် တစ်ချက်မှားတာနဲ့ ဒုက္ခတွေ့သွားနိုင်လို့ ပြိုင်ပွဲဝင် ၁၆သင်းထဲမှာ ဘယ်နှစ်သင်းကများ ဖိုလ်လုပွဲရောက်သွားမလဲဆိုတာ စောင့်ကြည့်ရတော့မှာ ဖြစ်နေပါတယ်။ ပထမအကျော့ ပွဲစဉ်တွေကို လာမယ့်ဖေဖော်ဝါရီ၂၄ရက်နဲ့ ၂၅ရက်တွေမှာကစားကြမှာဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်တွေကိုတော့ မတ် ၁၀ရက်နဲ့ ၁၁ရက်တို့မှာ အသီးသီး ပြန်လည်ယှဉ်ပြိုင်ကစားကြမှာပဲ ဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား



အေစီက ဘက်ခမ်းကို စာချုပ်ရေး ဆက်ကြိုးစားမည်

အေစီမီလန်အသင်းက မေဂျာလိဂ်ကစားသမားနှင့် အင်္ဂလန် လက်ရွေးစင်ဒေးဗစ်ဘက်ခမ်းအား ၂၀၁၀ပြည့်နှစ် ဇွန် ၂၀ရက် မတိုင်မီ စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး ထပ်မံ ကြိုးစားသွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဒေးဗစ်ဘက်ခမ်းကို ခေါ်ယူရေး ပြောင်းရွှေ့ကြေးထပ်တိုးပေးရန် စီစဉ်လျက်ရှိကြောင်း အေစီမီလန် ကလပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

အဒီဘာယောကို ဘာစီလိုနာခေါ်ယူလို

အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောနှင့် ချယ်လ်ဆီး ကွင်းလယ်ကစား သမား အက်ဆီယံတို့အား ဘာစီလိုနာအသင်းက ပြောင်းရွှေ့ကြေး ပေါင်သန်း၂၀စီပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြား လိုက်သည်။ အဒီဘာယောသည် ဒဏ်ရာ ကြောင့် ပွဲစဉ်အချို့ ပါဝင်မကစားနိုင်သူဖြစ်သော်လည်း ယခုအခါ ဒဏ်ရာမှသက်သာ လာပြီဖြစ်သည်။



၁၇နှစ်အရွယ် ဒေါ်ဆာခိုအား အာဆင်နယ်ခေါ်ယူမည်

အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ပြင်သစ်ကလပ် စိန့်ဂျာ မိန်းမှ အသက် ၁၇နှစ်အရွယ် နောက်ခံလူ မာမာဒေါ်ဆာခိုအား စာချုပ်ချုပ်ဆိုခေါ်ယူရေးကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြား လိုက်သည်။ ဝေဖန်မှုများ မည်သို့ပင်ရှိသော်လည်း လူငယ်ဘောလုံး သမားများကို ဆက်လက်ခေါ်ယူရေး ကြိုးစားသွားမည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲလက်မှတ်များရောင်းချမည်

တောင်အာဖရိကနိုင်ငံတွင်ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ပထမဆုံးလက်မှတ်များကို ဖေဖော်ဝါရီ ၂၀ရက်၌ စတင်ရောင်းချလိုက်ပြီဖြစ်ကြောင်း တောင်အာဖရိက ဘောလုံးအဖွဲ့ချုပ်နှင့် ဖီဖာတို့က သတင်းထုတ်ပြန်သည်။ လာမည့် မတ် ၃၁ ရက်မတိုင်မီ ဖီဖာဝက်ဘ်ဆိုက်၌ ရောင်းချမည်ဖြစ်ရာ လက်မှတ်ပေါင်း ၇၄၀၀၀၀ ကို ဝယ်ယူနိုင်မည်ဖြစ်သည်။

ဖာဂူဆန်ရဲ့ မန်ယူနဲ့ ပရီမီယာလိဂ်ဖလား

၊ မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ❖ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၂၀

ပရီမီယာလိဂ်ပွဲစဉ် (၂၅)အဖြစ် မန်ယူနဲ့ဖူလ်ဟမ်တို့ရဲ့ လက်ကျန်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့အခါ မန်ယူကသုံးဂိုးပြတ်နဲ့ အနိုင်ရရှိတဲ့ပွဲအပြီးမှာ ဒီနှစ်အတွက် ပရီမီယာလိဂ်ဖလားဟာ ဘယ်သူပိုင်ရှင်ဖြစ်မလဲဆိုတာ တဖြည်းဖြည်းနဲ့ရုပ်လုံးပေါ်စပြုလာပြီလို့ သတင်းထောက်တွေကို မန်ယူနည်းပြဖာဂူဆန်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အခုဆိုရင် ပရီမီယာလိဂ်ကလပ် အသင်းတွေဟာ ၂၅ပွဲစီကစားပြီးတဲ့ အနေအထား ရောက်နေပြီဖြစ်လို့ မန်ယူဟာ ပွဲတူငါးမှတ်အကွာနဲ့ ဒုတိယ နေရာက လီဗာပူးကိုဖြတ်ထားနိုင်ပြီ ဖြစ်သလို တတိယနေရာက ဗီလာနဲ့ လည်းပွဲတူ ရှစ်မှတ်ကွာနေပါတယ်။ ဒါ့အပြင် စတုတ္ထနေရာက ချယ်လ်ဆီး ထက်လည်း ပွဲတူ ၁၀မှတ် ကွာသွားပြီဖြစ်တဲ့ အနေအထား ရောက်ရှိနေပါတယ်။

အဓိကပြိုင်ဘက်ဖြစ်

ဖူလ်ဟမ်ကိုသုံးဂိုးပြတ်နဲ့ အနိုင်ရပြီးနောက် ချယ်လ်ဆီးအသင်းဟာ လက်ရှိ ခြေစွမ်းအတိုင်းဆိုရင် ကျွန်တော်တို့အတွက် အဓိက ပြိုင်ဘက် မဟုတ်နိုင်တော့ပါဘူး။ ဒီနှစ် ပရီမီယာလိဂ်ဖလားအတွက် လီဗာပူးဟာ အဓိကပြိုင်ဘက်ဖြစ်နေပါပြီ။ ပရီမီယာလိဂ်ဖလားဟာ မန်ယူနဲ့ လီဗာပူးတို့လက်ထဲမှာရောက်နေပြီဖြစ်တာမို့ သတိထားပြီး ကစားသွားရတော့မှာဖြစ်ပါတယ်''လို့ ဖာဂူဆန်က ဆက်လက်ပြောကြားသွားပါတယ်။

လျှော့တွက်မရ

ဒါပေမယ့်တတိယနေရာကို ရောက်ရှိနေတဲ့ ဗီလာအသင်းကိုလည်း အလေးထားစရာနေရာအဖြစ် သတိပြုရမယ်ဆိုတဲ့အချက်ကိုလည်း ကျွန်တော် တို့ မမေ့သင့်ပါဘူး။ ဗီလာဟာ ဒီနှစ်ခြေစွမ်းအများကြီး တိုးတက်လာသလို စုစည်းမှုအားကောင်းတဲ့အသင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ဗီလာလည်း လျှော့တွက်မရတဲ့အသင်းလို့ ပြောတာပါ''လို့ ဖာဂူဆန်ကပြောကြားပါတယ်။

ဒါ့အပြင် အာဆင်နယ်အသင်းနဲ့ ပတ်သက်ပြီးလည်း ''အာဆင်နယ် အသင်းကလူငယ်တွေ ကြိုးစားကြတာတော့ အမှန်ပါပဲ။ အာစင်ဝင်းဂါးလည်း သူ့တာဝန်ကို ကျေပွန်အောင်လုပ်နေတဲ့ နည်းပြတစ်ဦး ဖြစ်ပါတယ်။ ဒီနှစ်ပရီမီယာလိဂ်ဖလားအတွက်ကတော့အခွင့်အရေး အတော်လေး နည်းပါး နေပါပြီ။ ဒါပေမယ့် အခြေအနေအရပ်ရပ်ဟာ အချိန်မရွေးပြောင်းလဲနေ တတ်တဲ့ သဘောတော့ရှိပါတယ်''လို့လည်း ဖာဂူဆန်က ပြောကြားပါတယ်။

ပဉ္စမနေရာ

အာဆင်နယ်အသင်းကတော့ လက်ရှိ ၂၅ပွဲ ကစားပြီးတဲ့အချိန်မှာ ထိပ်ဆုံးက မန်ယူနဲ့ပွဲတူ ၁၅မှတ် ကွာပြီး ပဉ္စမနေရာ ရပ်နေပါတယ်။

မန်ယူနဲ့ ဖူလ်ဟမ်ပွဲမှာ ဒဏ်ရာ က သက်သာလာတဲ့ ရွန်နေပါဝင် ကစားခဲ့ပြီး ဂိုးလည်းသွင်းယူ နိုင်ခဲ့ လို့ မန်ယူတိုက်စစ်မှူးတွေဟာ ပရီ မီယာလိဂ်ဖလား ကာကွယ်နိုင်ဖို့ အသင့်အနေအထား ရောက်ရှိနေပါပြီ လို့ဖာဂူဆန်ကပြောကြားနေပါတယ်။

မေ့လို့မဖြစ်ပါ

''ဒါပေမယ့် ၁၉၉၈ခုနှစ်က ကျွန်တော်တို့ ထိပ်ဆုံးနေရာမှာရှိနေပြီး အာဆင်နယ်နဲ့ ၁၂ မှတ်ကွာတဲ့ အနေအထားရောက်ခဲ့ပေမယ့် ကျွန်တော့် ကစားသမားအများအပြား ဒဏ်ရာတွေရပြီး ရှုံးပွဲတွေကြုံခဲ့လို့ ဖလား လက်လွတ် ဆုံးရှုံးခဲ့ရတဲ့ သာဓကတွေလည်း ရှိခဲ့ပါတယ်။ ဒါတွေကို သင်ခန်း စာအဖြစ် မေ့လို့မဖြစ်ပါဘူး''လို့ ဖာဂူဆန်က ချင့်ချင့်ချိန်ချိန် ပြောကြား သွားပါတယ်။

ဒါကြောင့် မန်ယူဟာ ထိပ်ဆုံးနေရာမှာ ဦးဆောင်နေပေမယ့် သတိရှိရှိနဲ့ အမှားအယွင်းအနည်းဆုံး ယှဉ်ပြိုင်ကစားနေတယ်ဆိုတာကို ဖာဂူဆန်က ပြောကြားသွားပါကြောင်း။ ။ **ကိုးကား- အင်တာနက်**

ဂါနာနှင့် ချယ်လ်ဆီး ကွင်းလယ်ကစားသမားအက်ဆီယံ အသင်းတွင် ပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၀

ချယ်လ်ဆီး ကွင်းလယ်ကစားသမား အက်ဆီယံသည် ပြီးခဲ့ သည့် ၂၀၀၈ ခုနှစ် စက်တင်ဘာလက ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် လာမည့် မတ်လတွင် အသင်း၌ပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိ ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဂါနာ လက်ရွေးစင် အက်ဆီယံသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲ အဖြစ် လစ်ဗျားနှင့် ယှဉ်ပြိုင်ကစားရသောပွဲတွင် ဒူးအရွတ်ဒဏ်ရာ ရရှိခဲ့မှုကြောင့် ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။

ပြောကြား

ဆရာဝန်၏ ပြောကြားချက်အရ ၎င်း၏ ဒဏ်ရာသည် တစ်လထက်မကျော်နိုင်ကြောင်း အသက် ၂၆နှစ်ရှိ အက်ဆီယံက ပြောကြားသည်။

ပါဝင်ကစားခဲ့

ဒဏ်ရာမရမီက အက်ဆီယံသည် ချယ်လ်ဆီးအသင်း၏ အဓိကအားကစားသမားတစ်ဦးဖြစ်သည်။ အက်ဆီယံသည် ၂၀၀၅ ခုနှစ်တွင် လိုင်ယွန်မှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာကတည်းက ပွဲပေါင်း ၁၃၂ပွဲ ပါဝင်ကစားခဲ့ပြီး ၁၄ ဂိုး သွင်းယူထားခဲ့သူ ဖြစ်သည်။ **(အင်တာနက်)**

ဗြိတိသျှဂေါက်သီးအကျော်အမော် သုံးဦး ဗြိတိန်ဂေါက်သီးအသင်းအား ဦးဆောင်မည်

လန်ဒန် ဖေဖော်ဝါရီ ၂၀

ဩစတြေးလျတွင် ဖေဖော်ဝါရီ ၁၉ရက်က ကျင်းပခဲ့သည့် ဥရောပတိုး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗြိတိသျှ ဂေါက်သီးအသင်းကို ကော့လင်းမောင့်ဂို မာရီ၊ လီဝက်စ်ဝုဒ်နှင့် အီအန်ပေါ်လ်တာတို့(ယာပုံ)က ဦးဆောင်ခဲ့သည်။

အတော့်တင်းဆုံး

အဆိုပါတင်းနစ်အကျော်အမော် သုံးဦးသည် စကော့တလန်နိုင်ငံ ပါ့သ်မြို့တွင် ကျင်းပသည့် ဂျော်နီ ဝေါ့လ်ကားကလပ်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အတော့်တင်းဆုံးသော ကစားဖော်များလည်းဖြစ်သည်။

လျှောက်လှမ်းရ

သို့သော်လည်း ယူအက်စ်ပီဂျီအေတိုး ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ကာမီလို၊ ဗီလီဂက်စ်နှင့် အန်ထော် နီကင်မ်တို့ကဲ့သို့သော ဂေါက်အကျော်အမော်များ ပေါ်ပေါက်လာသည့်အတွက် ၎င်းတို့သုံးဦးအနေဖြင့် ခက်ခဲကြမ်းတမ်း ပြိုင်ဆိုင်မှုများသော ဂေါက်ခရီးကြမ်း ကို လျှောက်လှမ်းရမည်ဖြစ်သည်။

စွမ်းဆောင်နိုင်ခဲ့

ကိုလံဘီယာနိုင်ငံသား ဗီလီဂက်စ်သည် ကမ္ဘာ့ အဆင့်(၁၀)သို့ ရောက်ရှိလာသော်လည်း အသက် ၂၇နှစ်သာ ရှိသေးသည်။ မိမိအနေဖြင့် နှစ်စဉ်နှစ်တိုင်း တိုးတက်မှုရရှိအောင် ကြိုးစားကြောင်း၊ ၎င်းသည်ပင် မိမိရည်မှန်းချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗီလီ ဂက်စ်သည် ပြီးခဲ့သည့် ၂၀၀၈ခုနှစ် တင်းနစ် ရာသီအကုန်က အမေရိကန်နိုင်ငံတွင် ဂေါက်သီး ဆုဖလားနှစ်လုံး ဆွတ်ခူးထားခဲ့ပြီး အဓိကဖလားကြီး များတွင်လည်း ကမ္ဘာ့အဆင့် ၁၀ သို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

(အင်တာနက်)

ချစ် စိုး နိုင် စု စည်း တင် ပြ သည်

မာဆေးအိုးပင်း-၁၃ တင်းနစ်ပြိုင်ပွဲ ဒီဂျိုကိုဗစ်က ချာဒီအား အနိုင်ရရှိ

ပါရီ ဖေဖော်ဝါရီ ၂၀

ပြင်သစ်နိုင်ငံ မာဆေးလ်မြို့တွင် ကျင်းပသော အိုးပင်း-၁၃ တင်းနစ် ပထမအဆင့် ပြိုင်ပွဲတွင် နိုဗက်ဒီဂျိုကိုဗစ်(ယာပုံ)က ချာဒီအား ၇-၆၊ ၇-၂၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော်လည်း ပြင်သစ် အဆင့်(၃)ရှိ ဂေးလ်မွန်ဖီလ်မှာမူ ပြိုင်ဘက်အား ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ပထမဦးဆုံး

ကမ္ဘာ့အဆင့်(၃)ရှိ ဒီဂျိုကိုဗစ်သည် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ ကွာတားပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားပြီးနောက် အနားယူခဲ့ကတည်းက ယခုပွဲစဉ်သည် ၎င်း၏ ပထမဦးဆုံးပွဲစဉ်ဖြစ်သည်။

ထုတ်ဖော်ပြောကြား

မိမိအနေဖြင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲပြီးကတည်းက အနားယူခဲ့ ကြောင်း၊ ဦးနှောက်၊ စိတ်နှလုံးကြည်လင် လန်းဆန်းမှု လိုအပ်သောကြောင့် အနားယူ ခဲ့ရခြင်းဖြစ်ကြောင်း ဆားဘီးယားသား ဒီဂျိုကိုဗစ်က ထုတ်ဖော်ပြောကြားခဲ့သည်။

(အင်တာနက်)



ဒူဘိုင်းချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲ၌ ဂျန်ကိုဗစ်ပြိုင်ပွဲမှထွက်ခဲ့ရ

လန်ဒန် ဖေဖော်ဝါရီ ၂၀

ကမ္ဘာ့တတိယအဆင့်ရှိ တင်းနစ်မယ် ဂျီလီနာဂျန်ကိုဗစ်သည် ဒူဘိုင်းချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲတွင် အက်စတိုးနီးယား တင်းနစ်မယ် ကာအီယာကာနီမီအား ၂-၆၊ ၅-၇ ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။

ယခုဖြစ်ရပ်သည် ၎င်း၏တင်းနစ် သက်တမ်းတစ်လျှောက်တွင် အဆိုးရွားဆုံးဖြစ်ရပ်ဖြစ်ကြောင်း၊ စိတ်ပျက်ဖွယ်ကောင်းသော နေ့တစ်နေ့ဖြစ်ပြီး ၎င်း၏ဆိုးရွားသောဖြစ်ရပ်အတွက် ရှက်မိကြောင်း ဂျန်ကိုဗစ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ယှဉ်ပြိုင်ကစား

ကမ္ဘာ့အဆင့်(၈)တင်းနစ်မယ် အန်နာအီဗန်နိုဗစ်သည် ကာမီလီဗင်အား ၆-၂၊ ၇-၆(၇-၅)ဖြင့် အနိုင်ရရှိကာ ကမ္ဘာ့အဆင့်(၁၃)ရှိ ကျင်ဂျီအား ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိခဲ့သည့် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဆီရီနာဝီလျံနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချူကုန်းဖုန်အား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံမှူး Mr. Vu Van Minh နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချူကုန်းဖုန်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံသားအကျဉ်းသား ၆၃၁၃ ဦးတို့အား ပြစ်ဒဏ်ကျခံနေရခြင်းမှ လွတ်ငြိမ်းသက်သာခွင့်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ခဲ့ပြီးနောက် အနာဂတ်နိုင်ငံတော်ကိုဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်သူအများက တစ်ခဲနက် ထောက်ခံအတည်ပြုပြီးလည်းဖြစ်သည်။ ဆက်လက်ဆောင်ရွက်ရမည့် မူဝါဒလမ်းစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ပြည်သူတို့နှင့်အတူ လက်တွဲညီညီ ဆောင်ရွက်လျက်ရှိသည်။

ပြုပြင်ပြောင်းလဲ

ဤသို့ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များချမှတ်ခဲ့ရသည်။ သို့ရာတွင် ပြစ်ဒဏ်ကျ အကျဉ်းသား များကို အကျဉ်းကျခံစိတ်မျိုး ကာလကြာရှည်စွာ မခံစားရစေရန်နှင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲပေးနိုင်ရန် အစီအမံများ စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

လွတ်ငြိမ်းသက်သာခွင့်ပေး

ယခုအခါတွင် စည်းကမ်းနှင့်အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် သနားချစ်ခင်မှု တို့ကို အလေးထားသည့်အနေဖြင့်လည်းကောင်း၊ ယင်းတို့၏ မိသားစုများအား ငဲ့ညှာသောအနေဖြင့်လည်းကောင်း၊ ယင်းတို့သည် နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် ၂၀၁၀ပြည့်နှစ်အတွင်းကျင်းပမည့် တရားမျှတသော ရွေးကောက်ပွဲများတွင်လည်း အများပြည်သူတို့နှင့်အတူ နိုင်ငံတော်အကျိုးကို ထမ်းရွက်သွားနိုင်ကြစေရန်အတွက် လည်းကောင်း၊ ၁၃၇၀ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်၊ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် နိုင်ငံသားအကျဉ်းသား အကျဉ်းသူ ၆၃၁၃ ဦးတို့အား ပြစ်ဒဏ်ကျခံနေရခြင်းမှရပ်စဲ၍ လွတ်ငြိမ်း သက်သာခွင့်များ ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ဆောင်မှုအများအပြားပေးနိုင်သည့် လက်ကိုင်ကွန်ပျူတာအဘိဓာန် မြန်မာလူငယ်အိုင်တီပညာရှင်များ တီထွင်ထုတ်လုပ်နိုင်ပြီ

- အမေးနှင့် အရေး - မောင်မောင်မြင့်ဆွေ
- ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
- စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အိုင်တီနည်းပညာများအချိန်နှင့်အမျှ တိုးတက်ဖြစ်ထွန်းလျက်ရှိသော ယနေ့ခေတ်၌ အိုင်တီနည်းပညာသုံး ထုတ်ကုန်ပစ္စည်းများလည်း အံ့မခန်း တိုးတက်လာသည်။ အိုင်တီနည်းပညာများ အရှိန်အဟုန်ဖြင့် ထွန်းကားလာ မှုကို မြန်မာ့အိုင်တီပညာရှင်များကလည်း ရင်ပေါင်တန်း လိုက်နိုင်အောင် ကြိုးစားလျက်ရှိကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

Defined:e ပေါ်တွင် မြန်မာစာဖြင့် ရေးသားဖော်ပြထားမှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အခမဲ့ဝင်ရောက် ကြည့်ရှုခွင့်ရက် တိုးမြှင့်ခွင့်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ကို ဖေဖော်ဝါရီ ၁၂ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ယင်းနေ့မှ ဖေဖော်ဝါရီ ၁၈ ရက်အထိ အခမဲ့ဝင်ရောက်ကြည့်ရှုခွင့်ပြုခဲ့ရာ နေ့စဉ်လာရောက်ကြည့်ရှုသူ များပြားသည့်အတွက် အခမဲ့ဝင်ရောက်ကြည့်ရှုခွင့်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ တိုးမြှင့်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိန်ခေါ်မှုအပြည့်နဲ့ ချန်ပီယံလိဂ်ပထမအဆင့် ရှုံးထွက်ပြိုင်ပွဲကို ရင်ဆိုင်ရမယ့် ပြိုင်ပွဲဝင် ၁၆ သင်း

အားကစားသတင်းသုံးသပ်ချက် - ထွန်းထွန်းဦး(လှိုင်)
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

၂၀၀၈-၂၀၀၉ ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်တွေ ယှဉ်ပြိုင်အပြီးမှာ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များရှိရာကို အင်္ဂလန် လေးသင်းဖြစ်တဲ့ ချယ်လ်ဆီး၊ မန်ယူ၊ လီဗာပူးနဲ့ အာဆင်နယ်တို့ အသီးသီး တက်ရောက်နိုင်ခဲ့သလို အီတလီကလပ်တွေဖြစ်တဲ့ ဂျူဗင်းတပ်စ်၊ အင်တာမီလန်၊ ရိုးမားတို့လည်း တက်ရောက်လာခဲ့ကြတယ်။ စပိန်ဘက်ကတော့ ဒီအဆင့်မှာ ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာနဲ့ ဗီလာရီးယဲလ်တို့အပြင် အက်သလက်တီကိုတို့လည်း ပါဝင်လာလို့ အင်္ဂလန်ကလပ်လေးသင်းလိုပဲ အင်အားတောင့်တယ်လို့ ဆိုရပါလိမ့်မယ်။

ရောက်လာ

ပေါ်တူဂီဘက်ကတော့ စပို့တင်းလစ္စဘွန်းနဲ့ ပေါ်တိုတို့လိုအသင်းတွေပဲ ပါလာတော့တယ်။ ဂျာမနီကတော့ ဘိုင်ယန်တစ်သင်းတည်းသာ ပါလာလို့ ပြင်သစ်ကလိုင်ယွန်လိုပဲ *စာမျက်နှာ ၁၁ ကော်လံ ၄* ●

21-2 (20).pmd 1 2/21/2009, 2:19 AM